ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှု ဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက် ကြာသပတေးနေ့။ Thursday, 16 April 2026 ၁၂၅၅၀

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခြင်းအတွက် ဘူတန်ဘုရင့်နိုင်ငံ ဝန်ကြီးချုပ် ဒါရှို ရှားရင်း တော့ဘ်ဂေး ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့

နေပြည်တော် ဧပြီ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိုင်ငံတော်သမ္မတအဖြစ် စတင်တာဝန်ထမ်းဆောင်ခြင်းအတွက် ဘူတန်ဘုရင့်နိုင်ငံ ဝန်ကြီးချုပ် ဒါရှို ရှားရင်း တော့ဘ်ဂေး ထံမှ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**အဆွေတော်၊**

အဆွေတော်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသည့်အတွက် ဘူတန်အစိုးရကိုယ်စား မိမိက နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အဆွေတော်အား ပြောကြားလိုပါသည်။

မြန်မာပြည်သူအားလုံး အကျိုးစီးပွားဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်သမ္မတအဖြစ် အရေးကြီးသည့် တာဝန်များကို ထမ်းဆောင်ရာတွင် အဆွေတော် အောင်မြင်မှုများ ဆက်လက်ရရှိပါစေကြောင်း မိမိက ဆုမွန်ကောင်း ပို့သအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ရှားရင်း တော့ဘ်ဂေး**




# သင်္ကြန်အကြတ်နေ့တွင် နေပြည်တော်လမ်းလျှောက်သင်္ကြန်၌ လာရောက်လည်ပတ်ကြသည့် ပြည်သူများဖြင့် အထူးစည်ကား

**နေပြည်တော် ဧပြီ ၁၅**

နေပြည်တော်ရင်ပြင်၌ကျင်းပသည့် နေပြည်တော်လမ်းလျှောက်သင်္ကြန်တွင် ယနေ့ သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းမှ စတင်ကာ လာရောက်လည်ပတ်ကြသူ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**အေးချမ်းပျော်ရွှင်စွာဆင်နွှဲ**

နေပြည်တော်လမ်းလျှောက်သင်္ကြန်ရှိ ဝန်ကြီးဌာနမဏ္ဍပ်များ၌ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ဆောင်သည့် တေးသီချင်းများ၊ အကအလှများဖြင့် ယိမ်းအကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြရာ လာရောက်လည်ပတ်ကြသည့် ပြည်သူများက အတူလိုက်ပါ သီဆိုကခုန်ရင်း သင်္ကြန်အကြတ်နေ့ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ယနေ့ ဖတ်စရာ**

**ရန်ကုန်တိုင်းဒေသကြီးရှိမဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်များတွင် မဟာသင်္ကြန်အကြတ်နေ့၌ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အေးချမ်းပျော်ရွှင်စွာ သင်္ကြန်ပွဲတော်ဆင်နွှဲကြသည့် သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားများပြား**

စာမျက်နှာ » ၄

**သင်္ကြန်အကြတ်နေ့တွင် မန္တလေးမြို့ရှိ လမ်းလျှောက်သင်္ကြန်များနှင့် မဏ္ဍပ်များ၌ သင်္ကြန်ချစ်သူ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကား**

စာမျက်နှာ » ၅

# ကောင်းကျိုးအဖြာဖြာဝေဆာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာ

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၈၇ ခု နှစ်ဟောင်းကုန်ဆုံးသောနေ့ဖြစ်သည်။ မြန်မာလူမျိုးတို့သည် နှစ်ဟောင်းကုန်၍ နှစ်သစ်ဆန်းသည်ကို အလေးအမြတ်ထားကြသည်။ ထို့ကြောင့် နှစ်သစ်သို့မကူးပြောင်းမီ နှစ်သစ်ကူးပွဲတော်ဖြစ်သည့် အတာသင်္ကြန်ပွဲတော်ကို အကြို၊ အကျ၊ အကြတ်၊ အတက်ဟူ၍ လေးရက်တိုင် ခြိမ့်ခြိမ့်သဲဆင်နွှဲကြသည်။ မင်္ဂလာအခါတော် အချိန်အခါကာလတွင် သင်္ကြန်ရေဖြင့် သွန်းလောင်းပြီး ကောင်းခြင်းမင်္ဂလာအဖြာဖြာတို့ကို ဆောင်ကြဉ်းကြသည်။

ရိုးရာယဉ်ကျေးမှု ရှေးထုံးအစဉ်အလာကို မပျက်မယွင်း ထိန်းသိမ်းစောင့်ရှောက်ကြသည့်နိုင်ငံများတွင် မြန်မာနိုင်ငံသည် ထိပ်တန်းဟုဆိုချင်သည်။ နှစ်သစ်ကို ကောင်းခြင်းအဖြာဖြာဖြင့် ကြိုဆိုသည့် မင်္ဂလာအခါတော်တွင် တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်ကြည်နူးစွာ ရေပက်ကစားကြခြင်းသည် စိတ်နှလုံးအေးမြကြည်လင်လန်းဆန်းခြင်း၊ အညစ်အကြေးတို့ကို ရေဖြင့်ဆေးကြောခြင်း၊ ရေသည် အကြားမထင် ဆက်စပ်ခြင်းဟူသည့် ရေနိမိတ်အရ နှစ်ဟောင်းမှ မကောင်းမှုများကို ဆေးကြောပြီး ကောင်းခြင်းများကိုနှစ်သစ်သို့ ဆက်လက်စီးမျောစေခြင်း၊ အများပြည်သူတို့၏ စိတ်ဓာတ်များ နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေလိုခြင်း၊ အများပြည်သူတို့ အချင်းချင်းကြား ရေကိုသား၍ အကြားမထင်သကဲ့သို့ စည်းလုံးချစ်ခင်စွာ ဆက်ဆံနေထိုင်ခြင်းစသည့် မွန်မြတ်သောရည်ရွယ်ချက်များကို တစ်စိတ်တစ်ဝမ်းတည်း ဖော်ဆောင်ကြခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ဖြစ်ပေါ်လာသောအခြေအနေအရ ခက်ခဲကြမ်းတမ်းသောဘဝများ၊ အနှောင့်အယှက် အဖျက်အဆီးစိန်ခေါ်မှုများကို နှစ်ဟောင်းတွင် ကြုံတွေ့ခဲ့ကြရပြီးဖြစ်သည်။ လက်ရှိကာလတွင် ရာသီဥတုသဘာဝအရ ပူလောင်ပြင်းပြသည့်အပူရှိန်ကို ခံစားကြရသည်။ ယင်းသို့သော အခြေအနေအရပ်ရပ်တို့ကို ယခုကဲ့သို့ အတာသင်္ကြန်ပွဲတော်ကာလ၌ နိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူများအကြား အတာရေစင်ပက်ဖျန်းပြီး ပျော်ပွဲသဘင်ဆင်နွှဲကြသဖြင့် စည်းလုံးညီညွတ်မှုကို ဆောင်ကြဉ်းပေးနိုင်သလို အတာရေစင်၏ အေးမြစေသည့်သဘောအရ အပူဒဏ်ပါ လျော့နည်းသက်သာသွားသည်ဟု ထင်ရသည်။ တိုင်းရင်းသားပြည်သူအားလုံး အကြွင်းမဲ့အလုံးစုံ နှစ်သက်ပျော်ရွှင်လန်းဆန်းစေမည်ဟု မျှော်လင့်မိသည်။

မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များတွင် နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် အထူးခြားဆုံးနှင့် အစည်ကားဆုံးဖြစ်သည်။ နိုင်ငံတစ်ဝန်းလုံးရှိ အများပြည်သူတို့သည် သင်္ကြန်ပွဲတော်တွင် အခြားရာသီပွဲတော်များထက် နှစ်သက်ပျော်ရွှင်ချမ်းမြေ့ကြသည်။ ဤသို့ ပျော်ရွှင်ချမ်းမြေ့ကြသလို ကုသိုလ်ရေးကိုလည်း မမေ့ကြဖို့လိုသည်။ အပျော်အရွှင်လည်းစုံလင် ကုသိုလ်ကောင်းမှုများလည်း အထူးပြုကြဖို့လိုသည်။ ဤသည်မှာ မြန်မာတို့၏ နှစ်လိုဖွယ်ကောင်းသည့် အနှစ်သာရပြည့်ဝသောယဉ်ကျေးမှုဓလေ့ပင်ဖြစ်သည်။ နှစ်သစ်ကူးပြောင်းသည့် မင်္ဂလာရှိသောအချိန်ကာလတွင်ကျင်းပသည့် မဟာသင်္ကြန်ပွဲတော်သည် ယခင်နှစ်များထက်ထူးကဲပြီး နိုင်ငံတော်အစိုးရသစ်၊ လွှတ်တော်ကိုယ်စားလှယ်သစ်များနှင့်အတူ ပြည်သူများအားလုံးပူးပေါင်းပြီး စိတ်သစ်၊ လူသစ်၊ နိုင်ငံရေးအခင်းအကျင်းသစ်များဖြင့် အတူတကွ ပျော်ရွှင်စွာဆင်နွှဲနိုင်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကြီးကို မြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊ ပြည်သူများအနေဖြင့် ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊ ပြည်သူများအနေဖြင့် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်း လန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင် နိုင်ငံတော်တာဝန်များကို ကျရာအခန်းကဏ္ဍမှ စွမ်းအားပြည့် ဆောင်ရွက်နိုင်ကြစေရန်၊ မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ကြစေရန်ဟူသည့် ရည်ရွယ်ချက်များအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။

သို့ဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သည် လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အထိမ်းအမှတ်ပွဲတော်ဖြစ်သည်။ ရှေးအစဉ်အဆက် လက်ဆင့်ကမ်းအမွေပေးခဲ့သော မြန်မာ့ယဉ်ကျေးမှုအစဉ်အလာပွဲတော်ဖြစ်သည်။ ထို့ပြင် ပျော်ပွဲသက်သက်မဟုတ်သည့် ကောင်းကျိုးဆောင်သော ရိုးရာယဉ်ကျေးမှုပွဲတော်လည်းဖြစ်သည်။ လူမျိုးမရွေး၊ ဘာသာမရွေး ပါဝင်ဆင်နွှဲနိုင်သည့် လွတ်လပ်သောပွဲတော်ဖြစ်သည်။ အားလုံးတစည်းတလုံးတည်း ပျော်ရွှင်ချမ်းမြေ့ကြမည်ဆိုသည့် ကိုယ်စီခံယူချက်များကို ထုတ်ဖော်ပြသကြသည့် အတာသင်္ကြန်ပွဲတော်မှသည် နိုင်ငံတော်သစ်ကို စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆက်လက်ဆောင်ကြဉ်းကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေး အသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင် ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့်နေရာများတွင် နားနေပါ။ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ။
ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ။
အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်ကို အထူးသတိပြုပါ။

(ခ) ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ။ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ။ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများမဝင်အောင် သတိပြုပါ။ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ။

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ။ အရက်သေစာ သောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ။

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ။ လတ်ဆတ်ပြီး သန့်ရှင်းသောအစားအစာများကိုသာ စားသုံးပါ။ အစားအသောက် ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုဆောင်ရွက်ပါ။ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ။

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှု ခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# မိုးကြိုကာလအတွင်း ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ ကြိုတင်သတိပေးနှိုးဆော်ချက်

**နေပြည်တော် မေ ၁၅**

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပြန်တက်တိမ်များဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀ မှ မိုင် ၅၀ အထိ တိုက်ခတ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလလယ်မှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့်ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ၁၅ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။


| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - | ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - | အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - | စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည် | **သုတေသန** | - | ဇင်မာဝင့် |
| | | | **စာပြင်** | - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - | အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | နီလာစိုးနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | စိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဆွေးနွေး

**နေပြည်တော် ဧပြီ ၁၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့်အတူ ဧပြီ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် တရုတ်နိုင်ငံပိုင် China Railway Beijing Engineering Group Co., Ltd သို့ သွားရောက်ပြီး ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ MEIGE Joint Energy Holding Co., Ltd ကုမ္ပဏီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ Yunnan-Irrawaddy Supply Chain မှ President၊ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံလိုသည့်အတွက် မေးမြန်းဆွေးနွေးမှုများ၊ မြန်မာနိုင်ငံ၏ သက်တမ်းရင့်ရေနံမြေများတွင် ပေနက်တွင်းများ တူးဖော်ရန် စိတ်ဝင်စား၍ မေးမြန်းဆွေးနွေးမှုများ၊ ရေနံချက်စက်ရုံ တည်ဆောက်၍ ရင်းနှီးမြှုပ်နှံရန် မေးမြန်းဆွေးနွေးမှုများ၊ နေရောင်ခြည်စွမ်းအင်အပါအဝင် ပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းများ ဆောင်ရွက်လို၍ မေးမြန်းဆွေးနွေးမှုများ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ဖူလုံရေးနှင့် လုံခြုံရေးအတွက် ရေနံစိမ်းနှင့် ရေနံထွက်ပစ္စည်းများ တင်သွင်းသည့် Supply Chain တစ်လျှောက် ပူးပေါင်း ဆောင်ရွက်လိုသည့် မေးမြန်းဆွေးနွေးမှုများ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးပြီး မြေပြင်အခြေအနေကို လာရောက်ကြည့်ရှု၍ အသေးစိတ်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားရန် ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**







နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

☆ ရှေ့ဖုံးမှ

ထို့ပြင် မဏ္ဍပ်များ၌ ပြည်တွင်းမှ နိုင်ငံကျော် အနုပညာရှင်များ၊ တေးသံရှင်များက DJ, Music Band များနှင့်တွဲဖက်၍ မြူးမြူးကြွကြွ သီဆိုဖျော်ဖြေပေးကြသည့်အတွက် သင်္ကြန်ချစ်သူ ပြည်သူများက နှစ်သက်စွာ လိုက်ပါသီဆိုကခုန်အားပေးခဲ့ကြသည်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် မြန်မာ့ရိုးရာ သနပ်ခါးနှင့် လက်ဖက်ပွဲတော်မဏ္ဍပ်၊ ထမနဲမဏ္ဍပ်များပါဝင်ရာ လမ်းလျှောက်သင်္ကြန်သို့ လာရောက်လည်ပတ်ကြသည့် လူငယ်များ၊ ပြည်သူများသည် မြန်မာ့သနပ်ခါးကို တစ်ဦးနှင့်တစ်ဦး ပျော်ရွှင်စွာ လိမ်းခြယ်ပေးနေကြသည်ကို တွေ့မြင်ရပြီး မြန်မာ့ရိုးရာသင်္ကြန်နှင့် အတူ ချစ်စရာကောင်းသည့် မြန်မာ့သနပ်ခါးယဉ်ကျေးမှုကိုပါ ပေါ်လွင်စေခဲ့သည်။

ထို့အတူ ဝန်ကြီးဌာနအလိုက် မဏ္ဍပ်များတွင် မဏ္ဍပ်အလိုက် မြန်မာ့ရိုးရာ အစားအစာများကို စတုဒိသာအဖြစ် ဧည့်ခံကျွေးမွေးကြသည့်အပြင် သန့်ရှင်းလတ်ဆတ်သောအစားအစာများကိုသက်သာသောဈေးနှုန်းဖြင့် ဆိုင်ခန်းများတွင်လည်း ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသုံးကြသည့် ပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။



## အထူးစည်ကားလျက်ရှိ

နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ သင်္ကြန်အကြတ်နေ့တွင် လာရောက်လည်ပတ်ကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက် ရှိသည်ကို တွေ့ရစဉ်။

နေပြည်တော် လမ်းလျှောက်သင်္ကြန်သို့ လာရောက်ကြသည့် ပြည်သူများကို စနစ်တကျ လုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် လမ်းများ၌ ကြီးကြပ်ပေးခြင်းနှင့် ရေကစားနေစဉ် ကျန်းမာရေးကိစ္စ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးစောင့်ရှောက်မှု ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့ သင်္ကြန်အကြတ်နေ့၌ နေပြည်တော်ရှိ အများပြည်သူ အနားယူအပန်းဖြေနိုင်သည့် နေရာများတွင် မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် လည်ပတ်အနားယူကြသူများ၊ ရပ်ကွက်၊ ကျေးရွာများရှိ မဏ္ဍပ်ငယ်များတွင် ရေကစားကြသူများ၊ စတုဒိသာ ကျွေးမွေးကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားစေတီများတွင်လည်း သီလဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် အထူးစည်ကားခဲ့သည်။

**မင်းကျော်စွာ**

**ဓာတ်ပုံ - ကျော်ကြီး၊ ဖိုးပြည့်စုံ**



# ရန်ကုန်တိုင်းဒေသကြီးရှိ မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်များတွင် မဟာသင်္ကြန်အကြတ်နေ့၌ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အေးချမ်းပျော်ရွှင်စွာ သင်္ကြန်ပွဲတော်ဆင်နွှဲကြသည့် သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားများပြား



**ရန်ကုန် ဧပြီ ၁၅**

ရန်ကုန်တိုင်းဒေသကြီးရှိ မဏ္ဍပ်များနှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်များတွင် ယနေ့ မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြတ်နေ့၌ နံနက်ပိုင်းမှ စတင်ကာ မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အေးချမ်းပျော်ရွှင်စွာ သင်္ကြန်ပွဲတော် ဆင်နွှဲကြသည့် သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်နှင့် ဇနီး၊ တာဝန်ရှိသူများသည် ဒဂုံမြို့နယ် ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်လမ်းလျှောက်သင်္ကြန်သို့ ရောက်ရှိကြပြီး ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် Royal-Apex မဏ္ဍပ်၌ အောင်ဇမ္ဗူနှင့်အဖွဲ့၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးတို့မှ အနုပညာရှင်များက မြူးကြွသည့် သင်္ကြန်သီချင်းများ၊ အဆို၊ အကများဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်မြို့တော် မဟာသင်္ကြန်မဏ္ဍပ်နှင့် မဟာဗန္ဓုလပန်းခြံ လမ်းလျှောက်သင်္ကြန်ပွဲသို့ ရောက်ရှိရာ ယိမ်းအဖွဲ့များအား သပြေခက်ဖြင့် အတာရေပက်ဖျန်းပေးပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် သင်္ကြန်ချစ်သူပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ထို့အပြင် ဒဂုံမြို့နယ် ဦးဝိစာရအဝိုင်းမှ အလုံလမ်းတစ်လျှောက်၊ ပြည်လမ်းနှင့် အလုံလမ်းထောင့်အထိ သင်္ကြန်မဏ္ဍပ်များနှင့် ဈေးဆိုင်တန်းများတွင်လည်း သင်္ကြန်ပွဲတော်ကို အေးချမ်းစွာ ပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအဖွဲ့များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံးတို့မှ အနုပညာရှင်များက ပရိသတ်အကြိုက် တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ ပြည်သူများက လိုက်ပါသီဆိုကခုန်ရင်း သင်္ကြန်အကြတ်နေ့ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

အလားတူ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၊ မဟာဗန္ဓုလပန်းခြံလမ်း လမ်းလျှောက်သင်္ကြန်တို့တွင်လည်း အနုပညာရှင်များနှင့် DJ အဖွဲ့တို့၏ မြူးမြူးကြွကြွ ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ သင်္ကြန်ချစ်သူ ပြည်သူများက



အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြလျက်ရှိသည့်အပြင် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများရှိ မဏ္ဍပ်ငယ်များတွင် လူငယ်များ၊ ကလေးများက စုဖွဲ့၍ ရေကစားခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းတို့ဖြင့် သင်္ကြန်အကြတ်နေ့ကို ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။

ယနေ့ သင်္ကြန်အကြတ်နေ့တွင် တိုင်းဒေသကြီးအတွင်း ဘုရားစေတီများတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ ကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည့်အပြင် မဏ္ဍပ်များ၊ ရပ်ကွက်၊ လမ်းများတွင် ထမင်းနှင့်ဟင်း၊ မြန်မာ့ရိုးရာအစားအစာများကို စတုဒိသာအဖြစ် ကျွေးမွေးကြရာ လာရောက်သုံးဆောင်ကြသူများဖြင့် စည်ကားများပြားခဲ့ကြောင်း သိရသည်။

**သတင်း-နေဇော်**
**ဓာတ်ပုံ-ဇော်မင်းလတ်**





# မြောက်ဥက္ကလာပမြို့နယ်၌ မဟာသင်္ကြန်အကြတ်နေ့ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် စည်ကားလျက်ရှိ

**မြောက်ဥက္ကလာပ ဧပြီ ၁၅**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန် အကြတ်နေ့တွင် (ဃ) ရပ်ကွက် သုဓမ္မာလမ်းမကြီး ဥက္ကလာသီရိပန်းခြံရှေ့ ဥက္ကလာရင်ခွင်မဏ္ဍပ်၌ စည်ကားလျက်ရှိသည်။

## ပါဝင်ဆင်နွှဲ

အဆိုပါ ဥက္ကလာရင်ခွင်မဏ္ဍပ်၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှုယိမ်းအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေပေးကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များက ယိမ်းအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။ ထို့နောက် ဥက္ကလာသီရိပန်းခြံလမ်းလျှောက်သင်္ကြန်အတွင်း ပြည်သူများ တပျော်တပါးပါဝင်ဆင်နွှဲလျက်ရှိပြီး တေးသံရှင်များနှင့် ယိမ်းအကအဖွဲ့များက သင်္ကြန်တေးသီချင်းများဖြင့် ဆက်လက်ဖျော်ဖြေခဲ့ကြသည်။ အဆိုပါ မဟာသင်္ကြန်ကာလအတွင်း ဥက္ကလာရင်ခွင်မဏ္ဍပ်၌ စတုဒိသာ ကျွေးမွေးခြင်း၊ ဥက္ကလာသီရိပန်းခြံ လမ်းလျှောက်သင်္ကြန်တွင် ပြည်သူများက တပျော်တပါး ပါဝင်ဆင်နွှဲခြင်းဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**



# သင်္ကြန်အကြတ်နေ့တွင် မန္တလေးမြို့ရှိ လမ်းလျှောက်သင်္ကြန်များနှင့် မဏ္ဍပ်များ၌ သင်္ကြန်ချစ်သူ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုးစည်ကား



**မန္တလေး ဧပြီ ၁၅**

ယနေ့ကျရောက်သည့် မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြတ်နေ့တွင် မန္တလေးမြို့ရှိ လမ်းလျှောက်သင်္ကြန်များနှင့် မဏ္ဍပ်များ၌ သင်္ကြန်ချစ်သူ ပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

**ပျော်ရွှင်စွာဆင်နွှဲ**

နံနက်ပိုင်းမှစတင်ကာ မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ နိုင်ငံကျော် တေးသံရှင်များ၏ သင်္ကြန်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှု၊ ဝန်ကြီးဌာနနှင့် ဝါသနာရှင် ယိမ်းအကအဖွဲ့များ၏ ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေမှုတို့ကို သင်္ကြန်ချစ်သူ ပြည်သူအများအပြားက အားပေးကြည့်ရှုရင်း အတူလိုက်ပါ သီဆိုကခုန်ကာ သင်္ကြန်အကြတ်နေ့ကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

ထို့ပြင် သင်္ကြန်ချစ်သူ ပြည်သူများသည် တိုင်းရင်းသားများ၏ ရိုးရာရေကစားမဏ္ဍပ်များ၌ ပျော်ရွှင်စွာ ရေကစားကြရင်း တိုင်းရင်းသား တိုင်းရင်းသူများ၏ တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး စတုဒိသာအဖြစ် ကျွေးမွေးသည့် ဒေသအစားအစာများကို နှစ်သက်စွာသုံးဆောင်ကြသည်။

ကျုံးပတ်လည် တစ်လျှောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ထူးခြားဆန်းသစ်စွာ ပုံဖော်တည်ဆောက်ထားသည့် သင်္ကြန်မဏ္ဍပ်များ၌လည်း မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် အေးချမ်းပျော်ရွှင်စွာ ရေကစားကြပြီး မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်ရှိ Floating Street ဇုန်၊ Star Light Streetဇုန်၊ Flower Street ဇုန်နှင့် Water Street ဇုန်စသည့် ဇုန်များတွင် အေးချမ်းပျော်ရွှင်စွာ လာရောက်ဆင်နွှဲကြသည့် ပြည်သူများဖြင့် ပြည့်နှက်စည်ကားလျက်ရှိသည်။

မင်္ဂလာမန္တလေး လမ်းလျှောက်သင်္ကြန်သို့ လာရောက်လည်ပတ်ပါဝင်ဆင်နွှဲကြသည့် ဒေသခံများနှင့် အနယ်နယ်အရပ်ရပ်မှ ပြည်သူများ ရေသဘင်ပွဲဆင်နွှဲရင်း အမောပြေ သုံးဆောင်နိုင်ရန်အတွက် စတုဒိသာအကျွေးအမွေးများကိုလည်း လှူဒါန်းကျွေးမွေး လျက်ရှိသည်။

ထို့အတူ မန္တလေးကျုံးအနောက်ဘက်ရှိ ဈေးချိုသူ ရေကစားမဏ္ဍပ်တွင် ပရိသတ်အကြိုက်ဖျော်ဖြေရေးအစီအစဉ်များဖြင့် မြူးမြူးကြွကြွဖျော်ဖြေ တင်ဆက်လျက်ရှိသည့်အတွက် လာရောက်ပါဝင်ဆင်နွှဲကြသည့် ပြည်သူများဖြင့် စည်ကားခဲ့သည်။

အလားတူ မြို့နယ်၊ ရပ်ကွက်များအတွင်းရှိ မဏ္ဍပ်ငယ်များတွင် လူငယ်များ၊ ကလေးငယ်များက ရေကစားခြင်း၊ စတုဒိသာ ကျွေးမွေးခြင်းတို့ဖြင့် အေးချမ်းပျော်ရွှင်စွာ သင်္ကြန်အကြတ်နေ့ကို ပါဝင်ဆင်နွှဲလျက်ရှိသည်။

ညပိုင်းတွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကများ၊ တေးသီချင်းများဖြင့် သင်္ကြန်ချစ်သူပြည်သူများကို ဖျော်ဖြေတင်ဆက်ပေးလျက် ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**











# နှစ်သစ်အကူး လတန်ခူးနှင့် ရိုးရာသင်္ကြန်ပွဲတော်

ကိုယဉ်ချစ်(မန္တလေး)

မြန်မာပြက္ခဒိန်၏ ၁၂ လတွင် တန်ခူးလသည် နှစ်သစ်၏ ပထမဆုံးလဖြစ်ပြီး မြန်မာတို့၏ နှစ်သစ်ကူးကာလလည်းဖြစ်သည်။ တန်ခူးသည် တာကူးဆိုသည့် ဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်ပြီး တာဆိုသည်မှာ အချိန်ရာသီ။ ကူးဆိုသည်မှာ ကူးပြောင်းခြင်းအနက်ရှိသည်။ တနင်္ဂနွေဂြိုဟ်သည် မိန်ရာသီမှ မိဿရာသီသို့ ကူးပြောင်းသည်ကို အကြောင်းပြု၍ တာကူးမှ တန်ခူးဟု ကာလရွေ့လျော ခေါ်ဆိုလာခြင်းဖြစ်ကြောင်း မှတ်သားရပါသည်။ ဤကာလသည် ထန်းသီးများခူးဆွတ်သည့် ရာသီဖြစ်၍ ထန်းခူးလမှ တန်ခူးလဟု ပြောင်းလဲခဲ့သည်ဟုလည်း ဆိုကြသည်။

မြန်မာ့ဆယ့်နှစ်လရာသီ ပွဲတော်များသည် ပျော်ပွဲရွှင်ပွဲသက်သက်မဟုတ်ဘဲ လေးနက်သည့် အဓိပ္ပာယ်များဖြင့် ကျင်းပသည့် ပွဲတော်များဖြစ်သည်။ လတိုင်းတွင် ရာသီ၊ နက္ခတ်၊ ရာသီပန်း၊ ပွဲတော်၊ တာရာ၊ ရတု၊ ရွာသွန်းသည့်မိုး၊ ရာသီရုပ်နှင့် ပွဲတော် စသည့်သတ်မှတ်ချက်များရှိသည်။

**တန်ခူးလ၏ ပုံရိပ်ကိုပေါ်လွင်အောင် ထည့်သွင်းစပ်ဆိုခဲ့**

တန်ခူးလ၏ ရာသီမှာ မိဿရာသီ၊ နက္ခတ်မှာ စိတြနက္ခတ်၊ ရာသီပန်းမှာ ကံ့ကော်ပန်း၊ တာရာမှာ တံငါတာရာ၊ ရတုမှာ ဝသန္တရတု၊ မိုးမှာ ဖက်ဆွတ်ရေတိုး သင်္ကြန်မိုး၊ ရာသီရုပ်မှာ ဆိတ်သတ္တဝါ၏ပုံနှင့် ပွဲတော်မှာ ရေသဘင်ပွဲတော် (သင်္ကြန်ပွဲတော်)ဖြစ်သည်။ တန်ခူးလသည် ရက်မစုံလဖြစ်၍ ရက်ပေါင်း ၂၉ ရက်ရှိပြီး နေ့တာညတာ တူညီသောလဖြစ်သည်။ စက်နာရီအရ နံနက် ၆ နာရီတွင် နေထွက်၍ ညနေ ၆ နာရီတွင်နေဝင်သည်။ ဗေဒင်အသုံးအနှုန်းများအရ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့များသည် ရက်ရာဇာ ဖြစ်ပြီး ကြာသပတေးနေ့နှင့် စနေနေ့များသည် ပြဿဒါးရက်များဖြစ်သည်။ နဂါးဦးခေါင်းမှာ အနောက်အရပ်သို့ ပြုသည်။ တန်ခူးလသည် ပူပြင်းခြောက်သွေ့လာပြီး သစ်ပင်ပန်းမန်များသည် ရွက်ဟောင်းများကြွေ၍ ရွက်သစ်များ ဝေစပြုချိန် ဖြစ်သည်။ သာဆန်းရဂုံဘွေပတ်ပျိုးတွင် **"သာဆန်းငယ်သည့်ရဂုံဘွေ၊ ညင်းလေပြေလောင်း၊ ညှာခြေစိမ်းရင့်မောင်း၊ ညောင်းရွက်ကယ်တည့် ကြွေကြွေလေဟန်၊ မြညှာရွှေရည်လျှံ----"**ဟု တန်ခူးလ၏ ပုံရိပ်ကိုပေါ်လွင်အောင် ထည့်သွင်းစပ်ဆိုခဲ့သည်။

တောင်အရပ်မှ တိုက်ခတ်လာသော လေရူးများနှင့်အတူ ဥသြငှက်တွန်သံများ ကြားကြရသည်။ မြူခိုးနှင့် တိမ်ရောယှက်လိမ်၍၊ တိမ်နှင့်တောင်ခိုး၊ တောင်ကိုမိုး၍ ကောင်းကင်ယံ၌ မင်းလွင်မြူခိုးများ ကြီးစိုးနေကြသည်။ အရပ်ရှစ်မျက်နှာတွင် မြူများဆိုင်းနေသည်။ တောင်များတွင်လည်း တောင်ခိုးများ ဝေနေကြသည်။ တောင်ခိုးဝေ၍ မြူခြေဆိုင်းသည့် တောတောင်ရေမြေသဘာဝများသည် တစ်မူထူးခြားလှပနေသည့် အခါသမယဖြစ်သည်။

ရာသီပန်းဖြစ်သော ကံ့ကော်ပန်းတို့သည် အလှချင်းဆိုင်ဂုဏ်ပြိုင်နေကြသည်။ ကံ့ကော်ဝတ်မှုန်သင်းသည့် ရဂုံကြော စုံတောခြေတွင် သိင်္ဂီပွင့်ချပ် ရင်ခတ်သရဖီပန်းတို့လည်း သင်းရနံ့ကြိုင်၍ မွှေးပျံ့နေကြသည်။ တပေါင်းလတွင် စတင်ဖူးပွင့်တတ်သော ပိတောက်ပန်းများသည်လည်း တန်ခူးလတွင် ဆက်လက်ဖူးပွင့်နေကြသည်။ ရာသီပွဲတော်သင်္ကြန်အတာရေသဘင်ပွဲနှင့် ပိတောက်ပန်းတို့သည် လိုက်ဖက်ညီ၍ တန်ခူးလ၏ သရုပ်ကို ပိုမိုပေါ်လွင်စေသည်။

တန်ခူးလ၏ အလှထူးသည့် သရုပ်ဖော်မှုများကို ရှေးမြန်မာ စာဆိုရှင်ကြီးများက လွမ်းချင်း၊ လူးတား၊ လေးဆစ်သဖြန်၊ လေးချိုး၊ အိုင်ချင်း၊ တေးထပ် စသည်တို့ဖြင့် ရေးစပ်ဖွဲ့နွဲ့ သီကုံးခဲ့ကြသည်။ ထိုစာကဗျာများသည် ယနေ့တိုင်အောင် ထင်ရှားနေဆဲဖြစ်သည်။

ညောင်ရမ်းခေတ်စာဆို ဆီသည်ရွာစားဦးအောင်ကြီးက " ---- ကောင်းကင်မိုးလ၊ စိတြနှင့်၊ မိဿရာသီ၊ အညီခါကျော်၊ နှစ်ဦးပေါ်က၊ ကံ့ကော်ရင်ခတ်၊ ပင်တိုင်းညွတ်လျက် ၊ ပွင့်ဖတ်ဝေဝေ၊ တောင်လေဖြူးဖြူး၊ လတန်ခူးကို၊ မြူးထူးပျော်ရွှင်၊ တာသဘင်ဝယ်၊ ဆင်ယင်တုပ၊ လွရရွတည့် ၊ ငြိမ့်မျှစောင်းငြင်း၊ အဲသီချင်းနှင့်၊ ထုံသင်းနံ့သာ၊ ရေသီတာဝယ်၊ စမ္မာကရမက်၊ ပန်းပေါင်းဖက်၍၊ --- "ဟု ဆယ့်နှစ်လရာသီဖွဲ့လူးတားကို စပ်ဆိုခဲ့သည်။

ဒုတိယကုန်းဘောင်ခေတ်စာဆို ဖိုးသူတော်ဦးမင်းကလည်း "ဟောင်းရွက်ညှာခါ လှစ်လို့၊ တာသစ်ကယ်တဲ့ နံ့ကြိုင်။ သုတ်ဖြူးလေဆော်ကာ၊ ပန်းကံ့ကော် ဝတ်မှုန်ကျင်း၊ သင်းပျံ့လို့လှိုင်။ ကြယ်နှစ်ပြိုင်၊ သွယ်ဆိုင်ပဝင်း၊ စိတြငယ်နှင့်၊ ငွေလသော်တာတို့၊ ယုဂန်ချာတောင်တော်စွန်းမှာ၊ ထွန်းထိန်လို့လင်း"ဟု လေးဆစ်သဖြန်ဖြင့် သီကျူးဖွဲ့ဆိုခဲ့သည်။

မဟာအတုလမင်းကြီးက "နွေခါမီဝယ်၊ ရာသီမိဿ၊ ဂိမှာနမို့၊ စိတြကြယ်၊ မိုးတိမ်လယ်မှာ၊ စံပယ်ကွန့်ကာ၊ တိမ်ဖွေချာဝယ်၊ ဒေသစာလှမ်း၊ လှည့်လည်ငယ် မြန်းလို့၊ နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာဖန်တော့တယ်"ဟု လွမ်းချင်းစပ်ဆိုခဲ့သည်။

**ကုသိုလ်ရေးပြုရန် စိတ်အားထက်သန်**

တန်ခူးရေကုန်၊ ကဆုန်ရေခန်း ဆိုစကားအတိုင်း တန်ခူးလတွင် ပူပြင်းခြောက်သွေ့လာခြင်းကြောင့် မြစ်ချောင်းများသည် ရေစီးမသန်တော့ဘဲဖြည်းညင်းသာယာစွာ စီးဆင်းနေကြသည်။ ဤကာလတွင် ငါးကြင်းတွေဆန်၊ ငါးတန်တွေမြူးကြသည်။ ရေလုပ်သား ကိုတံငါတို့သည် မြစ်ရိုးတစ်လျှောက်တွင် ပိုက်ချငါးဖမ်းသည့်အလုပ်များကို လုပ်ကိုင်နေကြသည်။ ကမ်းစပ်သောင်ခြေ အချို့နေရာများတွင် ကျွန်းကလေးများ ထွန်းပေါ်လာသည်။ သဲသာသောင်ခြေများတွင် ဟင်္သာသောင်တင်း၊ ရွှေပိန်ညင်းငှက်လေးများ လည်ချင်းယှက်၍ ပျော်ရွှင်မြူးထူးနေကြသည်မှာ သာယာလွမ်းမောဖွယ် တန်ခူးလ၏ ပုံရိပ်များဖြစ်ကြသည်။ လယ်ယာလုပ်ငန်းခွင်များတွင် သီးနှံများ ရိတ်သိမ်းပြီးချိန်ဖြစ်သည်။ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးထွက်ရှိခဲ့သည့် သီးနှံများကို ရောင်းချ၍ ရှင်ပြုနားသအလှူပွဲများမှ အစ ကုသိုလ်ရေးပြုရန် စိတ်အားထက်သန်နေကြသည့် ကာလလည်းဖြစ်သည်။

ထန်းလုပ်သားများက ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးများလွယ်လျက် ထန်းတက်၊ ထန်းလှီးသည့် အလုပ်များကို အားကြိုးမာန်တက်လုပ်ကိုင်နေကြသည်မှာ မည်သည့်နိုင်ငံတွင်မှ မမြင်တွေ့နိုင်သည့် မြင်ကွင်းများကို မြင်တွေ့ကြရသည်။

တန်ခူးလအတွင်းကျရောက်သည့် တပ်မတော်နေ့ကိုလည်း နှစ်စဉ်မပျက် ခမ်းနားထည်ဝါစွာ ဂုဏ်ပြုကျင်းပခြင်းကြောင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေကြသည့်တပ်မတော်သားများ၏ စစ်ရေးပြအခမ်းအနားများ၊ မြန်မာ့တပ်မတော် (ကြည်း၊ ရေ၊ လေ)၏ စွမ်းအား၊ စွမ်းပကားများကိုလည်း မြင်တွေ့ကြရသည်။

**ရေသဘင်ပွဲတော်(သင်္ကြန်ပွဲတော်)**

တန်ခူးလသည် မြန်မာပြက္ခဒိန်လ၏ ပထမဆုံးလဖြစ်သည်။ မြန်မာတို့၏ဆယ့်နှစ်လရာသီပွဲများတွင် တန်ခူးလ၏ ပွဲတော်မှာ သင်္ကြန်ပွဲတော်ဖြစ်သည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့် ကာလဖြစ်၍ နှစ်သစ်ကူးပွဲတော်၊ နှစ်ဟောင်းမှ အညစ်အကြေးများကို ရေဖြင့်ဆေးကြောသည့် အတာရေသဘင်ပွဲတော် (သင်္ကြန်ပွဲတော်)ကို ပျော်ရွှင်စွာ ကျင်းပသည့် အခါသမယဖြစ်သည်။

သင်္ကြန်ဆိုသည်မှာ သင်္ကြာန္တိဟူသည့် သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရဖြစ်သည်။ "သင်္ကြန်အတာဟူသည်ကား ရောက်သောအဖို့ တာဝန်ဟူသော အနက်ကို ယူသင့်၏။ ဤ၌ သဘောအားဖြင့် နှစ်သစ် ၊ နှစ်ဦးဆန်းခြင်းသည် တနင်္ဂနွေ၊ တနင်္လာ စသည်ဖြင့် အလှည့်အလည် ရောက်သောအဖို့ တာဝန်ဖြစ်၍ တနင်္ဂနွေအတာ၊ တနင်္လာအတာ စသော ဆိုမိန့်ခြင်းဖြစ်၏" ဟု ဒုတိယကျော်အောင်စံထား ဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်းတွင် ဆိုခဲ့သည်။ ထို့အတူ လေ့သင်းအတွင်းဝန်ကလည်း ဝေါဟာရလိနတ္ထဒီပနီကျမ်းတွင် " အချို့သူတို့မှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် သင်္ကြန်အတာ ကူးပြောင်းသောကြောင့် တာကူးလဟု ယူကြသည်"ဟု ဖွင့်ဆိုခဲ့သည်။

တချို့က သင်္ကြန်သည် သင်္ကန္တပါဠိပုဒ်မှ ဆင်းသက်လာသည့်ဝေါဟာရဟု ယူဆကြသည်။ သင်္ကြန်ဆိုသည့် ဝေါဟာရသည် ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်းဟု အနက်ရသည်။ မြန်မာအဘိဓာန်တွင် သင်္ကြန်ဆိုသည်မှာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ။ ရေပက်ဖျန်းသည့် နှစ်သစ်ကူးပွဲတော်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

သင်္ကြန်ပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက်ကတည်းကပင် ကျင်းပခဲ့ကြသည်။ ပုဂံခေတ်မှ စတင်ကျင်းပခဲ့ဟန်ရှိပြီး ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် စသည့်ခေတ်အဆက်ဆက်၌ ကျင်းပခဲ့ကြောင်း ရှေးစာဆို ပညာရှင်ကြီးများ၏ စာပေအထောက်အထားများအရ သိရပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မန္တလေး ရတနာပုံနေပြည်တော်ခေတ်၌ အစည်ကားဆုံးဖြစ်ခဲ့သည်ဟုလည်း ဆိုကြသည်။

> **"သင်္ကြန်ပွဲတော်ကို ရှေးမြန်မာမင်းများလက်ထက်ကတည်းကပင် ကျင်းပခဲ့ကြသည်။ ပုဂံခေတ်မှ စတင်ကျင်းပခဲ့ဟန်ရှိပြီး ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ် စသည့်ခေတ်အဆက်ဆက်၌ ကျင်းပခဲ့ကြောင်း ရှေးစာဆိုပညာရှင်ကြီးများ၏ စာပေအထောက်အထားများအရ သိရပါသည်။ ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် မန္တလေးရတနာပုံနေပြည်တော်ခေတ်၌ အစည်ကားဆုံးဖြစ်ခဲ့သည်ဟုလည်း ဆိုကြသည်။**
>
> **မြန်မာတို့၏ သင်္ကြန်ပွဲတော်သည် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ခံထားရသည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာပွဲတော်တစ်ခုဖြစ်"**

တစ်နည်းဆိုရသော် သင်္ကြန်ပွဲတော်သည် မြန်မာတို့၏ ခေတ်အဆက်ဆက် ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းစောင့်ရှောက်ကျင်းပလာခဲ့သည့် ပွဲတော်ကြီးဖြစ်သည်။

မြန်မာတို့၏ သင်္ကြန်ပွဲတော်သည် ယူနက်စကို၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ခံထားရသည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာ ပွဲတော်တစ်ခုဖြစ်သည်။

ရေလောင်း၊ ရေပက်ကြသည်မှာ နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်သို့ကူးပြောင်းချိန်တွင် နှစ်ဟောင်းမှ အညစ်အကြေးများကို ရေဖြင့်ဆေးကြောခြင်း၊ အပူဒဏ်ကို ရေဖြင့်အေးမြစေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ပြုလုပ်ကြခြင်းဖြစ်သည်။ ရှေးခေတ်သင်္ကြန်ပွဲတော်များတွင် သပြေခက်ဖြင့် ယဉ်ကျေးစွာ ရေပက်ကစားခဲ့ကြကြောင်း မှတ်သားရသည်။

သင်္ကြန်ကာလကို အကြိုနေ့၊ အကျနေ့၊ အကြတ်နေ့နှင့် အတက်နေ့ဟု လေးရက်တိုင်တိုင် ကျင်းပကြသည်။ ရက်ထပ်နှစ်များတွင် အကြတ်ရက် နှစ်ရက်ဖြစ်၍ ငါးရက်ကျင်းပကြသည်။ ထူးခြားလေးနက်သည့် အခါသမယဖြစ်၍ သင်္ကြန်ရက်များကို အခါတွင်း၊ အခါကြီးရက်ကြီးနေ့ဟုလည်း ဆိုကြသည်။ ရှေးအစဉ်အဆက်ကတည်းက ကျင်းပခဲ့သည့် သင်္ကြန်ပွဲတော်သည် ရေပက်ကစားခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်းများနှင့် ယဉ်ကျေးမှုအစဉ်အလာကောင်းကို ထိန်းသိမ်းစောင့်ရှောက်ကြသည့် ပွဲတော်ဖြစ်သည်။

သင်္ကြန်တွင်း၌ ရေပက်ရေလောင်း၍ ပျော်ရွှင်ကြသည်သာမက ကုသိုလ်ရေးဖြစ်သည့် ဘုရားစေတီများ၊ နေအိမ်များရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရေသပ္ပာယ်ပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ သင်္ကြန်ကာလအတွင်း ဒုလ္လဘဝတ်ခြင်း၊ သက်ကြီးဘိုးဘွားများ ခြေသည်းလက်သည်း ညှပ်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ မိဘများနှင့် ဆရာများအား ဂါရဝပြုကန်တော့ခြင်း၊ မုန့်လုံးရေပေါ် စသည့်အစားအစာများ စတုဒိသာကျွေးမွေးကုသိုလ်ပြုခြင်းများကို အစဉ်အလာမပျက် ပြုကြသည်။ သင်္ကြန်ရက်များအတွင်း မကောင်းသော အမှုကိစ္စများကို ရှောင်ကြဉ်ကြပြီး ကောင်းမှုကုသိုလ်များကိုသာ ပြုကြသည်။

မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်သည် တန်ခူးလပြည့်ကျော် ၁ ရက်နေ့သင်္ကြန်အတက်နေ့ (ဧပြီလ ၁၆ ရက်)တွင် ကုန်ဆုံး၍ တန်ခူးလပြည့်ကျော် ၂ ရက်နေ့ (ဧပြီလ ၁၇)ရက်နေ့သည် ၁၃၇၈ ခုနှစ်၏ မြန်မာနှစ်ဆန်း (၁) ရက်နေ့ဖြစ်သည်။ နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကိုကြိုဆိုသည့် သင်္ကြန်ပွဲတော်သည် ရှေးအစဉ်အလာမပျက် ကျင်းပခဲ့သည့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်ပါသည်။

ရိုးရာအစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း၍ တန်ခူးလ၏ သင်္ကြန်ပွဲတော်ကြီးကို ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲသွားကြရန်နှင့် နှစ်သစ်တွင် လူသစ်စိတ်သစ်ဖြင့် မိမိအကျိုး၊ အများအကျိုးနှင့် နိုင်ငံတော်၏အကျိုးများကို ခွန်အားအသစ်များဖြင့် ဆောင်ရွက်သွားနိုင်ကြပါရန် ရေးသားလိုက်ရပါသည်။ ။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မဟာသင်္ကြန်အကြတ်နေ့တွင် နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်ရှိ ဇာတ်ပိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်ကျင်းပနေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဧပြီ ၁၅**

မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းရန်၊ နှစ်ဟောင်းမှအညစ်အကြေးများကို အတာရေဖြင့် ဆေးကြောရန်နှင့် ကုသိုလ်ကောင်းမှု ပြုလုပ်ရန် ရည်ရွယ်ချက်များဖြင့် နေပြည်တော် အတွင်းရှိ မြို့နယ်များတွင် မဟာသင်္ကြန်အကြိုနေ့မှ စတင်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု ဇာတ်ပိုမဏ္ဍပ်များ၊ လမ်းလျှောက်မဟာသင်္ကြန်ပွဲတော်နှင့် စတုဒိသာ ကျွေးမွေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းက ပျဉ်းမနား မြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့၌ မြန်မာမှု၊ မြန်မာ့ ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့်အညီ သင်္ကြန်ပွဲတော်ကျင်းပနေမှုကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့် တာဝန်ရှိသူများက ကြည့်ရှု အားပေးသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု လမ်းလျှောက်မဟာ သင်္ကြန်ပွဲတော်တွင် အေးချမ်းကြည်နူးစွာဖြင့် တစ်ဦး နှင့်တစ်ဦး သပြေခက်ဖြင့် ရေပက်ခြင်း၊ ရေလောင်းခြင်း၊ စတုဒိသာအကျွေးအမွေးများ၊ မြန်မာ့ရိုးရာ သနပ်ခါး သရုပ်ပြလိမ်းခြယ်ခြင်းများကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာများနှင့်အညီ မြန်မာ့ရိုးရာ အတာရေ သဘင်ပွဲကျင်းပနေမှုကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးကံမြင့်သန်းနှင့်ဇနီး၊ နေပြည်တော်ကောင်စီဝင် များနှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူ များက သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ဇာတ်ပိုမဏ္ဍပ်တွင် ယိမ်းအဖွဲ့၏ကပြ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့ များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ နေပြည်တော်အတွင်းရှိ ကျန်ရှိသည့်မြို့နယ်များတွင် လည်း မဟာသင်္ကြန်ပွဲတော်ကို အလားတူ အေးချမ်း ပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

အောင်ကို(ပုဗ္ဗသီရိ)



# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေမှုများ လိုက်လံကြည့်ရှု



**မုံရွာ ဧပြီ ၁၅**

စစ်ကိုင်းတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးနှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ် နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများ နှင့်ဇနီးများ၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ ဥပဒေချုပ်နှင့် တာဝန်ရှိသူများသည်ယနေ့သင်္ကြန် အကြတ်နေ့ နံနက်ပိုင်းတွင် မုံရွာမြို့ ဗိုလ်ချုပ်လမ်းမကြီး ပေါ်ရှိ ကန်သာယာကန်အနီး လမ်းလျှောက်သင်္ကြန်ကျင်းပသည့် နေရာသို့ သွားရောက်ကြည့်ရှု အားပေးကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်ဇနီး၊ တာဝန်ရှိသူများသည် လမ်းလျှောက်သင်္ကြန် ပြုလုပ် လျက်ရှိသည့် ရွှေသလ္လာနှစ်သစ် မဏ္ဍပ်၊ ရွှေပိတောက်ပျိုမေမဏ္ဍပ်၊ လျှပ်စစ် / စွမ်းအင် / လမ်းပန်း ဆက်သွယ်ရေးမဏ္ဍပ်၊ ချင်းတွင်း ပိတောက်မဏ္ဍပ်နှင့် ဇာတ်ပိုမဏ္ဍပ် များသို့ သွားရောက်၍ ဌာနဆိုင်ရာ မဏ္ဍပ်များရှိ ယိမ်းလှပျိုဖြူလေး များနှင့် နိုင်ငံကျော်အဆိုတော်များ ၏ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေမှု၊ မြို့နေပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲနေမှု များကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ မုံရွာမြို့၊ MSME လုပ်ငန်း ဒေသ ထွက်ကုန် တစ်ခုဖြစ်သည့် ပွဲတော်အုပ် လက်ဖက်နှင့် နှစ်ပြန်ကျော် စားသောက်ဖွယ်ရာ များ ခင်းကျင်းပြသထားရှိမှုများ ကို ကြည့်ရှုအားပေးသည်။

**ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်**

ယင်းနောက် အရှေ့ဘက် ကန်သာယာကန်ရှိ ပြည်ထောင်စု ရင်ပြင်၌ လမ်းလျှောက်သင်္ကြန် ပွဲတော်သို့ ပါဝင်ဆင်နွှဲကြသည့် မြို့နေပြည်သူများအား ထမင်းနှင့် ဟင်းများ စတုဒိသာကျွေးမွေးနေ မှုများနှင့် ဌာနဆိုင်ရာမဏ္ဍပ်များ အလိုက် စတုဒိသာကျွေးမွေးနေမှု များကိုလိုက်လံကြည့်ရှုအားပေးပြီး မြို့နေပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရ သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့ပေါ်ရှိ လမ်းလျှောက်သင်္ကြန် ပြည်သူများနှင့်အတူ ပျော်ရွှင်စွာပါဝင်ဆင်နွှဲ

**စစ်တွေ ဧပြီ ၁၅**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့်ဇနီး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များသည် သင်္ကြန်အကျနေ့ နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းများသို့ သွားရောက်ပြီး ဆွမ်းနှင့်လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြသည်။

အလားတူ ရခိုင်ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ဇနီးများက စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းများသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များသည် စစ်တွေမြို့ပေါ်ရှိ ဘုန်းတော်ကြီး ကျောင်းများသို့ သင်္ကြန်အကျနေ့မှ သင်္ကြန် အတက်နေ့အထိ နေ့စဉ် ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရ သည်။

ညနေပိုင်းတွင် ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များသည် ဇာတ်ပိုမဏ္ဍပ်သို့ သွားရောက်ပြီး သင်္ကြန်ယိမ်းအက အဖွဲ့များ၊ ရခိုင်အဆိုတော်များ၊ တေးသံရှင်များ၏ ကပြဖျော်ဖြေ နေမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီး ချုပ်နှင့်ဇနီး၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များသည် ရခိုင်ရိုးရာ ရေကစားမဏ္ဍပ်၌ ရခိုင်ရိုးရာ အစဉ်အလာနှင့်အညီ လောင်းလှေ များဖြင့် ရေကစားနေမှုကို ကြည့်ရှု အားပေးကြပြီး ယိမ်းအကအဖွဲ့ များနှင့်အတူ ပါဝင်ရေကစားကြ သည်။ ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ် နှင့် အဖွဲ့သည် လမ်းမကြီးရှိ လမ်းလျှောက်သင်္ကြန် မဏ္ဍပ်သို့ သွားရောက်ပြီး ပြည်သူများနှင့် အတူ သင်္ကြန်ပွဲတော်ကို ပျော်ပျော် ရွှင်ရွှင်ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရ သည်။

တင်ထွန်း(ပြန်/ဆက်)





# ဆီဆိုင်မြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် (အကြတ်နေ့) ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ

**ဆီဆိုင် ဧပြီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် (အကြတ်နေ့) ကို ယနေ့နံနက်ပိုင်းတွင် ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

ဆီဆိုင်မြို့တွင် မြန်မာ့ရိုးရာနှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ရိုးရာ အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ရေပက်ခံထွက်သူများ၊ ရေပက်သူ များဖြင့် စည်ကားလျက်ရှိပြီး အ.ထ.က(ဆီဆိုင်)ရှေ့ ဆီဆိုင်-လွိုင်ကော် ပြည်ထောင်စုလမ်းမကြီးဘေး၌ ရပ်ကွက်အလိုက် ရေကစားမဏ္ဍပ် ထားရှိခြင်း၊ စတုဒိသာညှော်ခံကျွေးမွေးခြင်း၊ မြန်မာ့ရိုးရာသနပ်ခါး လိမ်းခြယ်ခြင်း၊ ယိမ်းအဖွဲ့များက ကပြဖျော်ဖြေခြင်းတို့ဖြင့် သင်္ကြန်ချစ်သူ ဒေသခံပြည်သူများက အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် သင်္ကြန်အကြတ်နေ့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ရွှေနေကြာမဟာသင်္ကြန်မဏ္ဍပ် တက်ရောက်ချီးမြှင့်အားပေး

**တောင်ကြီး ဧပြီ ၁၅**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ သင်္ကြန်အကြတ်နေ့ နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ရွှေနေကြာမဏ္ဍပ်သို့ သွားရောက်၍ ယိမ်းအကအဖွဲ့များနှင့် နိုင်ငံကျော် အဆိုတော်များ၊ Dancer အကအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ပါဝင်ကပြဖျော်ဖြေပေးကြပြီး ယိမ်းအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

**ပါဝင်ဆင်နွှဲ**

အလားတူ တောင်ကြီးမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်း တရုတ်ဘုံကျောင်းအနီးရှိ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနနှင့် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနမဏ္ဍပ်တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ သင်္ကြန်အကြတ်နေ့ကို ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**





# ချင်းပြည်နယ်ဝန်ကြီးချုပ် ချင်းပြည်နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ လမ်းလျှောက်သင်္ကြန်သို့ တက်ရောက်

**ဟားခါး ဧပြီ ၁၅**

၂၀၂၆ ခုနှစ် ချင်းပြည်နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ လမ်းလျှောက်သင်္ကြန်ကို ယနေ့နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရှေ့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါ ချင်းပြည်နယ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ လမ်းလျှောက်သင်္ကြန်သို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများသည် ယိမ်းအကအဖွဲ့များနှင့် ဧည့်သည်တော်များအား မြန်မာ့ရိုးရာ အစဉ်အလာနှင့်အညီ အတာရေ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာ့ရိုးရာလက်ဖက်ပွဲနှင့် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့သရုပ်ဖော်မှုများကို ကြည့်ရှုအားပေးပြီး ပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပိတောက်ပျိုမေ၊ ယိမ်းလှပျို၊ ပိတောက်နတ်သမီး၊ ရွှေဖူးဝါ၊ ယမင်းရွှေစင်၊ သင်္ကြန်ပန်းကလေးများ၊ မိညိုမြနှင့် ရွှေငုဝါမေ ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှုနှင့် တစ်ကိုယ်တော် သီဆိုကပြဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးကာ ချင်းပြည်နယ်မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အကြတ်နေ့သို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအား စတုဒိသာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး ပြည်သူများနှင့်အတူ သင်္ကြန်အကြတ်နေ့ ပါဝင်ဆင်နွှဲ

**ပဲခူး ဧပြီ ၁၅**

ပဲခူးမြို့ ဆေးရုံဟောင်းလမ်းပေါ်ရှိ ဗဟိုမဏ္ဍပ်၌ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြတ်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့သည် ပြည်သူများနှင့်အတူ ရေသဘင်ပွဲ ပါဝင်ဆင်နွှဲသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ၏ စတုဒိသာမဏ္ဍပ်များ၌ ထမင်း၊ ဟင်း၊ မြန်မာမုန့်မျိုးစုံ၊ ခေါက်ဆွဲကြော်၊ ကြာဆံကြော်နှင့် အအေးမျိုးစုံ ကျွေးမွေးနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး သင်္ကြန်ပွဲတော်သို့ လာရောက် ဆင်နွှဲနေကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဗဟိုမဏ္ဍပ်၌ နိုင်ငံကျော်သရုပ်ဆောင်အဆိုတော်များ၏ ခေတ်ပေါ်တေးဂီတ ဖျော်ဖြေမှုနှင့် မြန်မာ့ရိုးရာသင်္ကြန် ယိမ်းအဖွဲ့များ၏ ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့နယ် ၂၈ မြို့နယ်ရှိ ဗဟိုမဏ္ဍပ်များ၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နိုင်ငံကျော် သရုပ်ဆောင် တေးသံရှင်များနှင့် DJ တီးခတ်ဖျော်ဖြေမှု၊ သင်္ကြန်ပွဲလာဧည့်ပရိသတ်များ၏ ပျော်ရွှင်စွာ ရေသဘင်ပွဲပါဝင်ဆင်နွှဲနေမှု၊ မြိုးကြွလှပသော ယိမ်းအကအဖွဲ့များ၏ သီဆိုကပြမှု၊ စေတနာရှင်ပြည်သူများ၏ စတုဒိသာကျွေးမွေးလှူဒါန်းမှုတို့သည် လမ်းလျှောက်သင်္ကြန်နှင့်အတူ အထူးစည်ကားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**





# မုဒုံမြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု လမ်းလျှောက်မဟာသင်္ကြန်ပွဲတော် မွန်ပြည်နယ်ဝန်ကြီးချုပ် ပြည်သူများနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲ

**မော်လမြိုင် ဧပြီ ၁၅**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မဟာသင်္ကြန်အကြတ်နေ့ ယနေ့နံနက်ပိုင်းတွင် မုဒုံမြို့နယ် မြို့မ(၁)ရပ်ကွက်ရှိ လမ်းလျှောက်မဟာသင်္ကြန်ပွဲတော်ကို ပြည်သူများနှင့်အတူ အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကို သင်္ကြန်ပန်းကုံးများဖြင့်ကြိုဆို၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယိမ်းအဖွဲ့များ၏ ယိမ်းအကအလှများဖြင့် ဖျော်ဖြေကပြမှုကို ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က တက်ရောက်လာသည့် ဧည့်သည်တော်များအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ဒေသခံပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မဟာသင်္ကြန်အကြတ်နေ့ မကွေးမြို့ လမ်းလျှောက်မဟာသင်္ကြန်နှင့် စတုဒိသာမဏ္ဍပ်များ၌ အများပြည်သူ လွတ်လပ်ပျော်ရွှင်စွာ ရေကစားလျက်ရှိ




မကွေး မေ ၁၅

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း/ ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယနေ့ မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းက မကွေးမြို့ ကမ်းနားလမ်းရှိဗဟိုမဏ္ဍပ်၊ ဝန်ကြီးဌာနမဏ္ဍပ်၊ လမ်းလျှောက်မဟာသင်္ကြန်မဏ္ဍပ်နှင့် စတုဒိသာ မဏ္ဍပ်များတွင် အများပြည်သူလွတ်လပ်ပျော်ရွှင်စွာ ရေကစားနေမှုနှင့် စတုဒိသာသုံးဆောင်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မကွေးမြို့ကမ်းနားလမ်း We Love Magway ကျောက်သားဥယျာဉ်အနီးရှိဗဟိုမဏ္ဍပ်သို့သွားရောက်၍ ဌာနဆိုင်ရာများ၏ ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ ရပ်ကွက်အသီးသီးရှိ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များက ဧည့်ခံကပြဖျော်ဖြေခြင်းနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးပြီး ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသော ယိမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု လမ်းလျှောက်သင်္ကြန်၌ ဝန်ကြီးဌာနများ၏ မဏ္ဍပ်များတွင် စတုဒိသာအဖြစ် မြန်မာရိုးရာအစားအစာများကို ကျွေးမွေးခြင်းနှင့်အတူ မြန်မာ့ရိုးရာသင်္ကြန်အစဉ်အလာနှင့်အညီ သပြေခက်ဖြင့် အေးချမ်းပျော်ရွှင်စွာ ရေပက်ကစားကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု လမ်းလျှောက်မဟာသင်္ကြန်ပွဲတော်တွင် သနပ်ခါးယဉ်ကျေးမှု ခလေ့အားလူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ပါဝင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို ဂုဏ်ပြုသောအားဖြင့် လာရောက်ရေကစားကြသူများအား မြန်မာ့ရိုးရာသနပ်ခါး လိမ်းခြယ်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားပြီး ဗဟိုမဏ္ဍပ်၌ဖျော်ဖြေရေးယိမ်းအဖွဲ့များနှင့် တေးသံရှင်များ၏ ပျော်ပျော်ရွှင်ရွှင် မြူးမြူးကြွကြွ ဖျော်ဖြေကြသည့်အတွက် သင်္ကြန်ချစ်သူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် လမ်းလျှောက်သင်္ကြန်တွင် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်မဏ္ဍပ်များ၌ ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲ




ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများသည် ယမန်နေ့ ညနေပိုင်းက ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် လမ်းလျှောက်သင်္ကြန်နှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင် မဏ္ဍပ်များတွင် ပြည်သူများနှင့် အတူ ပါဝင်ဆင်နွှဲသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီး ချုပ်နှင့် အဖွဲ့သည် ရန်ကုန်တိုင်း ဒေသကြီး သဃ်န်းကျွန်းခရိုင်မဏ္ဍပ်၌ သဃ်န်းကျွန်းခရိုင် ယိမ်းအဖွဲ့က မြူမှောင်ဝေကောင်းနှင့် ပန်းမျိုး တစ်ရာ၊ နွေဦးကဗျာယိမ်းအဖွဲ့က တစ်နှစ်နွမ်း တစ်နှစ်ဆန်း၊ ငုဝါ မေယိမ်းအဖွဲ့က ပိတောက် လက်ဆောင်နှင့် မမကိုယ်တိုင်က၊ ရွှေကျွန်းသူယိမ်းအဖွဲ့က ရွှေကျွန်း သူတို့အလှ သီချင်းတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်မှု၊ တေးသံရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေ တင်ဆက်နေမှုများကို ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့များ အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ သပြေခက်ဖြင့် ရေဖျန်းပက်ပေးပြီး ပြည်သူများ နှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် မဏ္ဍပ်၌ ပညာရေးယိမ်းအဖွဲ့များ နှင့် တေးသံရှင်များက အကအလှ တေးသီချင်းများဖြင့် ဖျော်ဖြေ တင်ဆက်နေမှုများကို ကြည့်ရှု အားပေးပြီး ယိမ်းအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ သပြေခက်ဖြင့် ရေဖျန်းပက်ပေးပြီး ပြည်သူများနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြကြောင်း သိရသည်။

ဖွဲထက်ကို(ပြန်/ဆက်)

# ကြံခင်းမြို့၌ မဟာသင်္ကြန်အကြတ်နေ့တွင် ရေပက်ကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိ

ကြံခင်း မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့၌ နှစ်သစ်ကူးမဟာသင်္ကြန် အကြတ်နေ့ နံနက် ၈ နာရီမှစ၍ ရေပက်ခံထွက်သူများ၊ ရေပက် ကစားကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် အထူး စည်ကားလျက်ရှိသည်။

ကြံခင်းမြို့ မဟာသင်္ကြန်နှစ်သစ်ကူးကာလတွင် ဘုရားစေတီပုထိုး များ၌ ဥပုသ်သီလစောင့်ကြသူများ၊ စတုဒိသာကျွေးမွေးလှူဒါန်းကြသူ များဖြင့် စည်ကားလျက်ရှိပြီး မဟာသင်္ကြန်အကြတ်နေ့တွင် ဗဟိုမဏ္ဍပ် ၌ ရပ်ကွက်/ကျေးရွာများမှ ယိမ်းအဖွဲ့များနှင့် တေးသံရှင်များက သီဆို ဖျော်ဖြေလျက်ရှိရာ သင်္ကြန်ချစ်သူများနှင့် ရေကစားကြသူများက ဗဟို မဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန် လက်ဖက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်မဏ္ဍပ် တို့တွင် ပျော်ရွှင်စွာဖြင့် လာရောက်ဆင်နွှဲလျက်ရှိကြသည်။

ဖြိုးဝေလင်း(ပြန်/ဆက်)



# ပြည်မြို့ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်၊ သနပ်ခါးမဏ္ဍပ်၊ လက်ဖက်မဏ္ဍပ်တို့၌ ရေကစားသူများဖြင့် စည်ကားများပြား




ပြည် မေ ၁၅

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု နှစ်သစ်ကူးမဟာ သင်္ကြန်ပွဲတော် (အကြတ်နေ့) ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်း ဒေသကြီး ပြည်မြို့ ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် ပွဲတော်၊ သနပ်ခါးမဏ္ဍပ်၊ လက်ဖက်မဏ္ဍပ် တို့၌ ဒေသခံများနှင့် အနယ်နယ် အရပ်ရပ်မှ အေးချမ်းပျော်ရွှင်စွာ လာရောက် ရေကစားသူများဖြင့် စည်ကားများပြားလျက်ရှိသည်။

ရေကစား လာရောက်သူများ အား ဗဟိုမဏ္ဍပ်၌ သင်္ကြန်ခလေ့ ရိုးရာအစားအစာများဖြင့် နေ့စဉ် စတုဒိသာများ ကျွေးမွေးဧည့်ခံခြင်း၊ တေးသံရှင်များ၏ တေးသီချင်း သီဆိုဖျော်ဖြေမှုများနှင့် ပြိုင်ပွဲဝင် ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှု များအပါအဝင် လမ်းလျှောက် သင်္ကြန် သနပ်ခါးမဏ္ဍပ်မှ သနပ် ခါးများ လိမ်းကျံပေးခြင်းနှင့် လက်ဖက်မဏ္ဍပ်မှ ရိုးရာလက်ဖက် သုပ်များကျွေးမွေးခြင်း အစီအစဉ် များဖြင့် နှစ်သစ်ကူးမဟာသင်္ကြန် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ ဆင်နွှဲလျက်ရှိကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့၌ သင်္ကြန်အကျနေ့ ပြည်သူများ အေးချမ်းပျော်ရွှင်စွာဆင်နွှဲ

ဟိုပုံး မေ ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ်၌ မြန်မာတို့၏ နှစ်သစ်မင်္ဂလာအခါသမယဖြစ်သည့် သင်္ကြန်အကျနေ့ မဟာ သင်္ကြန်မဏ္ဍပ်တွင် ရေပက်ခံ လည်ပတ်သူများ၊ ရေကစားကြသူ များဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။



ဟိုပုံးမြို့နယ်တွင် နှစ်သစ်ကူး သင်္ကြန်ကာလ ဘုန်းတော်ကြီး ကျောင်းများတွင် ဥပုသ်သီလ ဆောက်တည်ကြပြီး မဟာသင်္ကြန် မဏ္ဍပ်ကြီးတွင် ယိမ်းအကအလှ များ၊ အဆိုတော်များ၊ ဒီဂျေများဖြင့် ပျော်ရွှင်စွာ ရေကစားနေမှုကို ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ အဖွဲ့ဝင်များ၊ တပ်မတော် ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းမှ အရာရှိ ကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကြည့်ရှု အားပေးပြီး ယိမ်းအကအလှများ၊ အဆိုတော်များအား ဂုဏ်ပြုဆုငွေ များချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ထားဝယ်မြို့ ထားဝယ်တပ်နယ်မဏ္ဍပ်နှင့် ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာ ရေသဘင်ပွဲတော်ဆင်နွှဲနေမှုများအား ကြည့်ရှုအားပေး

ထားဝယ် မေ ၁၅

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်အကြတ်နေ့ဖြစ်သည့် ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ ထားဝယ်တပ်နယ်မဏ္ဍပ်နှင့် ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များတွင် ပျော်ရွှင်စွာရေသဘင်ပွဲတော်ဆင်နွှဲနေမှုများကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ယိမ်းအကလှပျိုဖြူများနှင့် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကပြသီဆိုဖျော်ဖြေနေမှုများ၊ နိုင်ငံကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေနေမှုများကို ကြည့်ရှုအားပေးပြီး ဧည့်သည်တော်များနှင့် ယိမ်းအကအဖွဲ့များအား သပြေခက်ဖြင့် အတာရေဖျန်းပက်ပေးကာ ယိမ်းအကအဖွဲ့များ၊ သီဆိုဖျော်ဖြေသည့်တေးသံရှင်များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ပြီး သင်္ကြန်ပွဲတော်သို့ လာရောက်ဆင်နွှဲသော ဒေသခံပြည်သူများအား အချိုရည်ဘူးများ ဝေငှပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက မြို့တော်ခန်းမရှေ့ ဗဟိုမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကပြသီဆိုဖျော်ဖြေနေမှုများ၊ တေးသံရှင်များ၏ သီဆိုဖျော်ဖြေနေမှုများ၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးနေမှုများကို ကြည့်ရှုအားပေးသည်။ ထားဝယ်တပ်နယ်နှင့်ဌာနဆိုင်ရာ ရေကစားမဏ္ဍပ်များတွင် သင်္ကြန်ယိမ်းအဖွဲ့များ၊ စတိတ်ရှိုးကဏ္ဍများ၏ဧည့်ခံဖျော်ဖြေနေမှုများဖြင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာမိသားစုဝင်များ ပျော်ရွှင်စွာရေကစားလျက်ရှိပြီး အအေး၊ ဖျော်ရည်၊ စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိသည်။

ထားဝယ်မြို့တွင် ကျင်းပသည့် မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော်ကို ဒေသခံပြည်သူများက အေးချမ်းပျော်ရွှင်စွာဖြင့် ပါဝင်ဆင်နွှဲလျက်ရှိပြီး မဏ္ဍပ်များသို့ မြို့ပေါ်ရပ်ကွက်များနှင့် အမြို့မြို့အနယ်နယ်မှ ဝါသနာရှင်များက အေးချမ်းပျော်ရွှင်စွာဖြင့် လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မြန်မာ့ရိုးရာမဟာသင်္ကြန်အကြတ်နေ့ ရေကစားကြသူများဖြင့်စည်ကား၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ ပါဝင်ဆင်နွှဲ

ဘားအံ မေ ၁၅

၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ကရင်ပြည်နယ် ဘားအံမြို့တွင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပလျက်ရှိရာ ယနေ့မဟာသင်္ကြန်အကြတ်နေ့တွင် နန်းဖော့အွာသဲသောင်ပြင်သင်္ကြန်၊ ကမ်းနားလမ်းတစ်လျှောက်ရှိ မဏ္ဍပ်များ၊ လမ်းလျှောက် သင်္ကြန်များတွင် ရေကစားကြသူများ၊ စတုဒိသာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ဘားအံမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ရေကစားမဏ္ဍပ်များသို့ လှည့်လည်၍ ဒေသခံများနှင့်အတူ သင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြသည်။



မဟာသင်္ကြန် အကြတ်နေ့တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညွန့်လင်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဘားအံမြို့ သီရိကွင်းရှိ ဗဟိုမဏ္ဍပ်တွင် သင်္ကြန်ယိမ်းအကအဖွဲ့များ၏ ကပြဖျော်ဖြေမှု၊ နိုင်ငံကျော်တေးသံရှင် အစ္စဏီ၊ D ဖြိုးတို့၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြပြီး အောင်သပြေခက်ဖြင့် အတာရေအေးပက်ဖျန်း၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် အဖွဲ့ဝင်များက မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ဗဟိုသနပ်ခါးမဏ္ဍပ်တွင် အပြန်အလှန် သနပ်ခါးများ လိမ်းခြယ်ပေး၍ မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဘားအံမြို့နယ် ဒုံရင်းတိုက်နယ် သဘာဝစမ်းရေတံခွန် အဝင်လမ်းလမ်းလျှောက်သင်္ကြန်သို့ ရောက်ရှိလာရာ ဒေသခံများနှင့် သင်္ကြန်သမီးပျိုလေးများက ပန်းကုံးစွပ်၍ သနပ်ခါးများ လိမ်းခြယ်ကြိုဆိုကြပြီး ပေ ၈၀၀ ခန့် အရှည်ရှိသော လမ်းလျှောက်သင်္ကြန်ကို ပါဝင်ဆင်နွှဲ၍ ဒုံရင်းသဘာဝစမ်းရေတံခွန်အတွင်း ငါးမြစ်ချင်းကောင်ရေ ၂၀၀၀၀၊ ငါးခုံးမကြီးကောင်ရေ ၂၀၀၀၀ စုစုပေါင်းကောင်ရေ ၄၀၀၀၀ ကို ဇီဝိတဒါန ငါးမျိုးစိုက်ထည့်ပေး၍ တည်ခင်းဧည့်ခံသော စတုဒိသာမဏ္ဍပ်တွင် တိုင်းရင်းသားပြည်သူများနှင့်အတူ သင်္ကြန်ထမင်းကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# မြစ်ကြီးနားမြို့ပေါ်ရှိ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်များတွင် သင်္ကြန်ချစ်သူများဖြင့် အေးချမ်းပျော်ရွှင်စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိ

မြစ်ကြီးနား မေ ၁၅

ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနားမြို့၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် ဗဟိုမဏ္ဍပ်၊ လမ်းလျှောက်သင်္ကြန်ပွဲတော်ကျင်းပသည့် နေရာများနှင့် မြို့ပေါ်ရပ်ကွက်များ၊ ပန်းခြံများတွင် လှည့်လည်သွားလာသူများ၊ ရေပက်ခံထွက်သူများ၊ ရေကစားသူများဖြင့် ယခင်နေ့များထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။



အဆိုပါ သင်္ကြန်ပွဲတော်တွင် မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် ဗဟိုမဏ္ဍပ်တည်ရှိရာ လမ်းလျှောက် သင်္ကြန်ပွဲတော်တွင် အထူးစည်ကားလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်၍ သင်္ကြန်ချစ်သူများနှင့်အတူ ပျော်ရွှင်စွာ အတာရေသဘင်ကို ဆင်နွှဲကြသည်။

ထို့အတူ လမ်းလျှောက်သင်္ကြန်ပွဲတော်အတွင်း စတုဒိသာမဏ္ဍပ်များတွင် မြန်မာ့ရိုးရာအစားအစာများဖြစ်သည့် လက်ဖက်၊ ထမင်းနဲ၊ မုန့်လုံးရေပေါ် စသည့် သင်္ကြန်အစားအစာများအား စတုဒိသာမဏ္ဍပ်များတွင် ဧည့်ခံကျွေးမွေးမှုများ၊ မြန်မာ့သနပ်ခါးမဏ္ဍပ်တို့တွင် သနပ်ခါးလိမ်းခြယ်ပေးခြင်း၊ ရေပက်ကစားခြင်းတို့အပြင် ဗဟိုမဏ္ဍပ်မှ ခေတ်ပေါ် တေးဂီတများဖြင့် ဖျော်ဖြေမှုများ၊ ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေမှုများဖြင့် ယမန်နေ့များထက် အထူးစည်ကားလျက်ရှိသည့်အပြင် လမ်းလျှောက်သင်္ကြန်ပွဲတော်များ ကျင်းပလျက်ရှိသည့် မင်းရပ်ပြည်သူ့အားကစားကွင်းအတွင်းရှိ လမ်းလျှောက်သင်္ကြန်နှင့်ရောဝတီရှုခင်းသာအပန်းဖြေစခန်းအတွင်းရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်များ တွင်လည်း ခေတ်ပေါ် တေးဂီတဖျော်ဖြေမှုများ၊ လာရောက်လည်ပတ်ရေကစားသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ပြည်နယ်(ပြန်/ဆက်)

# မြောင်းမြမြို့၌ မဟာသင်္ကြန်အကြတ်နေ့ သနပ်ခါးမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များတွင် ရေကစားသူများဖြင့် စည်ကား

မြောင်းမြ မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် ၁၃၈၇ ခုနှစ် သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းတွင် သနပ်ခါးမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်နှင့် ရေကစားမဏ္ဍပ်များတွင် စည်ကားလျက်ရှိကြောင်း သိရသည်။

မြောင်းမြမြို့ မဟာသင်္ကြန်ရေကစားမဏ္ဍပ်တွင် မြောင်းမြမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုကိုနှင့် အဖွဲ့ဝင် (၁) ဗိုလ်မှူးအုန်းသိန်း၊ အဖွဲ့ဝင်(၂) ရဲမှူးမြင့်လွင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လုံခြုံရေးအဖွဲ့များက မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတွင် ပြည်သူများပျော်ရွှင်စွာဆင်နွှဲနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)



## ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် အနောက်တောင်တိုင်းစစ်ဌာနချုပ်သင်္ကြန်မဏ္ဍပ်နှင့် ပုသိမ်မြို့ ဗဟိုမဏ္ဍပ်တို့တွင် ယိမ်းအဖွဲ့များ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေး

ပုသိမ် ဧပြီ ၁၅

ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်အကြတ်နေ့တွင် ကမ်းနားလမ်း တစ်လျှောက်ရှိ လမ်းလျှောက်သင်္ကြန်အပါအဝင် ဗဟိုမဏ္ဍပ်၊ ဌာနဆိုင်ရာမဏ္ဍပ်များနှင့် ရပ်ကွက်များမှ မဏ္ဍပ်များတွင် အေးချမ်းပျော်ရွှင်စွာ လာရောက် ရေကစားသူများဖြင့် စည်ကားလျက်ရှိပြီး ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် နှင့်ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက ဖျော်ဖြေရေးနှင့် ရေကစား မဏ္ဍပ်များသို့ သွားရောက်၍ ယိမ်းအဖွဲ့များ၏ သီဆို ကပြဖျော်ဖြေမှုများ၊ ပြည်သူများ ပျော်ရွှင်အေးချမ်းစွာ ရေကစားနေမှုများကို ကြည့်ရှုအားပေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အနောက်တောင်တိုင်းစစ်ဌာနချုပ် သင်္ကြန်မဏ္ဍပ်သို့ သွားရောက်၍ ယိမ်းအဖွဲ့များ၏ သီဆိုကပြဖျော်ဖြေမှု ကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး နှင့်ဇနီးနှင့်တာဝန်ရှိသူများက ဖျော်ဖြေရေး ယိမ်းအဖွဲ့ များနှင့် နဒီရော တေးဂီတအဖွဲ့တို့အား ဂုဏ်ပြုဆုငွေ များ ပေးအပ်ချီးမြှင့်ကာ အနောက်တောင်တိုင်း စစ်ဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ၏ စတုဒိသာ မဏ္ဍပ်တို့တွင် စတုဒိသာကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် ပုသိမ်လေတပ်စခန်းဌာနချုပ် သင်္ကြန် မဏ္ဍပ်သို့သွားရောက်၍ ယိမ်းအဖွဲ့များ၏ သီဆိုကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး ယိမ်းအဖွဲ့များ အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ချစ်ကြည် ရင်းနှီးစွာ အတာရေ ပက်ဖျန်းပေးသည်။

ညနေပိုင်းတွင် ပုသိမ်မြို့ ကမ်းနားလမ်း ရှုခင်းသာ ရင်ပြင်ရှိ ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့များ၏ ပြိုင်ပွဲဝင် ယှဉ်ပြိုင်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကြည့်ရှု အားပေးပြီး ယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

၁၃၈၇ ခုနှစ် ရေဝတီတိုင်းဒေသကြီး မြန်မာ့ ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင်လမ်းလျှောက် သင်္ကြန်ပွဲတော်အပါအဝင် ဌာနဆိုင်ရာ မဏ္ဍပ်များ၊ ရပ်ကွက်မဏ္ဍပ်များအပြင် သနပ်ခါးမဏ္ဍပ်၊ ဟာလဝါ မဏ္ဍပ်၊ ထမနဲမဏ္ဍပ်၊ လက်ဖက်မဏ္ဍပ်တို့ကို ထည့် သွင်းကျင်းပလျက်ရှိသည်။

ထို့အပြင် ဖျော်ဖြေရေးယိမ်းအဖွဲ့၊ ပြိုင်ပွဲဝင်ယိမ်း အဖွဲ့များ၏ ယိမ်းအကများ၊ နိုင်ငံကျော်တေးသံရှင် များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့်အပြင် အေးချမ်း ပျော်ရွှင်စွာ လာရောက်ရေကစားသည့် ပြည်သူများ အား သင်္ကြန်ကာလအတွင်း စတုဒိသာများဖြင့် ဧည့်ခံ ကျွေးမွေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တောင်ကြီးမြို့၌ မဟာသင်္ကြန်အကြတ်နေ့တွင် ပါဝင်ဆင်နွှဲသူများဖြင့် အထူးစည်ကားလျက်ရှိ

တောင်ကြီး ဧပြီ ၁၅

ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သည့် တောင်ကြီးမြို့တွင် ပြည်သူများ ကိုယ်စိတ်နှလုံး ပျော်ရွှင်အေးချမ်းစွာ ရေကစားနိုင်ရန် မဟာသင်္ကြန် အတာရေသဘင် ပွဲတော်ကို ခမ်းခမ်းနားနား စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။




တောင်ကြီးမြို့ မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်တွင် မြန်မာ့ရိုးရာ ယိမ်းအကအလှအဖွဲ့ များက ပြိုင်ပွဲဝင် တေးသီချင်းအက အလှများ၊ ဖျော်ဖြေရေးအစီအစဉ်များ ဖြင့် ယှဉ်ပြိုင်ကပြဖျော်ဖြေကြ သည့်အပြင် နိုင်ငံကျော်အနုပညာ ရှင်များ၊ တေးသံရှင်များက DJ, Music Band များနှင့် တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်း များကို သီဆိုဖျော်ဖြေလျက်ရှိ ရာ အတာရေသဘင်ပွဲ ဆင်နွှဲ ကြသူများဖြင့် အထူးစည်ကား လျက်ရှိကြသည်။

တောင်ကြီးမြို့ ဗိုလ်ချုပ်အောင် ဆန်းလမ်းတစ်လျှောက်ရှိ သင်္ကြန် မဏ္ဍပ်များ၊ ရပ်ကွက်များအလိုက် ရေကစား မဏ္ဍပ်များ၌လည်း တိုင်းရင်းသား မိဘပြည်သူများက သီချင်းသံစဉ် စည်းချက်များနှင့် အညီ လိုက်ပါယိမ်းနွဲ့၍ ကခုန် ပျော်ရွှင်ကြသည်။

ထို့အပြင် လမ်းလျှောက် သင်္ကြန်၊ ထမနဲသင်္ကြန်၊ လက်ဖက်နှင့် ကော်ဖီသင်္ကြန်၊ သနပ်ခါးသင်္ကြန်များတွင်လည်း ပါဝင်ဆင်နွှဲကြသူများဖြင့် အထူး စည်ကားလျက်ရှိသည်။

**ထက်ဝေ(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ သင်္ကြန်ပွဲတော် (အကျနေ့) ရေကစားသူများဖြင့် စည်ကားလျက်ရှိ

သာယာဝတီ ဧပြီ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်း၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် (အကျနေ့) တွင် ဗဟို ရေကစားမဏ္ဍပ်၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများ၌ ရေကစားကြ သူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သာယာဝတီမြို့နယ်အတွင်းရှိ ဗဟိုမဏ္ဍပ်၊ ရပ်ကွက်လမ်းဆုံများ၊ နေအိမ်ရှေ့များနှင့် ကျေးရွာများတွင် ရေပက်ခံထွက်ကြသူများ၊ မိသားစု အလိုက် ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး မြို့ပေါ်ရှိ ဘုရား၊ ကျောင်းကန်များတွင်လည်း ဥပုသ်သီလ ဆောက်တည်ကြသူများ၊ သက်ကြီးပူဇော်ပွဲ ပြုလုပ်ကြသူများနှင့် စတုဒိသာ လှူဒါန်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ပြည်သူများ ဘေးအန္တရာယ်ကင်း ရှင်းစွာ ရေကစားနိုင်ရေးနှင့် လုံခြုံရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိ သူများက စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သန့်ဇော် (ပြန်/ဆက်)**



## ကြည့်မြင်တိုင်မြို့နယ်၌ သင်္ကြန်ပွဲတော်(အကြတ်နေ့) တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိ

ကြည့်မြင်တိုင် ဧပြီ ၁၅

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ မြန်မာ့ရိုးရာ ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ရေကစားကြသူများ၊ ရေပက်ခံ



ထွက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိရာ ယနေ့ သင်္ကြန်အကြတ်နေ့တွင် ကြည့်မြင်တိုင်မြို့နယ် ပိတောက်ရွှေဝါမဏ္ဍပ် ၌လည်း ယိမ်းအကအလှများဖြင့် ကပြဖျော်ဖြေခြင်း၊ ရေကစားကြ ခြင်းဖြင့် မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလျက် ရှိကြောင်း သိရသည်။

ထိုသို့ဆင်နွှဲရာတွင် အလုံခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာ များ၊ ကြည့်မြင်တိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးညီညီနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဧည့်ပရိသတ်များ က ကြည့်ရှုအားပေးကြပြီး ကပြဖျော်ဖြေသည့်ယိမ်းအဖွဲ့များနှင့် သီဆို ဖျော်ဖြေကြသည့်အဆိုတော်များအား ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရ သည်။

**မြို့နယ် (ပြန်/ဆက်)**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူ ခံရနိုင်ပါသည်။

## လပွတ္တာမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်လှူဒါန်း

လပွတ္တာ မေ ၁၅

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ သာသနာ့ဗိမာန်တော်ကြီး၌ မေ ၁၀ ရက် နံနက်ပိုင်းက ၂၀၂၃ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ အောင်မြင်တော်မူကြသည့် စာအောင်သံဃာတော်များအား အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပသည်။



အဆိုပါအခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခြင်း၊ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော်မှဩဝါဒ မိန့်ကြားပြီး ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ခြင်း၊ စာအောင် သံဃာတော်များ အောင်လက်မှတ် ဆက်ကပ်ပွဲသို့ ကြွရောက်ချီးမြှင့် လာကြသော ဆရာတော်ကြီး များအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစံရင်မော်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူ့ရှင်မိဘပြည်သူများက နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်ခြင်း၊ လပွတ္တာမြို့နယ် ပရိယတ္တိစာအောင်သံဃာ ဆုချီးမြှင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဝင်းက စာအောင် သံဃာတော်များနှင့် သီလရှင်များအတွက် လှူဒါန်းငွေများကို မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဦးကောဏ္ဍည (ဇောတိကကျောင်းတိုက်)ထံ ဆက်ကပ်လှူဒါန်းခြင်း၊ စာအောင် သံဃာတော်များနှင့် သီလရှင် ဆရာလေးများအား အောင် လက်မှတ်များ ဆက်ကပ်ခြင်း၊ ကြွရောက်လာကြသော ဆရာ တော်ကြီးများနှင့် စာအောင် သံဃာတော်များ၊ သီလရှင်များ အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ် ပစ္စည်းများ၊ ဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)



## တာမွေမြို့နယ်၌ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြုပူဇော်

ရန်ကုန် မေ ၁၅

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟို၏ ဦးဆောင်စီစဉ်မှုဖြင့် တာမွေမြို့နယ်အတွင်းရှိ နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မေ ၁၁ ရက်က တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ အဆိုပါအသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

**ဆက်ကပ်လှူဒါန်း**

အခမ်းအနားတွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆုထူးပန်ကျောင်းတိုက်ဆရာတော်ထံမှ ဩဝါဒကထာ နာကြားခဲ့ကြသည်။ ထို့နောက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မေတ္တာစံအိမ်၌ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နောက်ဆက်တွဲစောင့်ရှောက်မှု ခံယူနေသော လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံမှ မူးယစ်ဆေးဖြတ် သင်တန်းသားများကလည်း လိုအပ်သည်များ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

## ပင်လောင်းမြို့နယ်၌ လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲ ပြုလုပ်

ပင်လောင်း မေ ၁၅

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ(ICRC) အထောက်အပံ့ဖြင့် ဆောင်ရွက်ခဲ့သော လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်းပွဲကို မေ ၁၃ ရက် နံနက်ပိုင်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



သင်တန်းဆင်းပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးက လူထုကျန်းမာရေးလုပ်သားသင်တန်း ဖွင့်လှစ်သည့်ရည်ရွယ်ချက်များနှင့် ကျန်းမာရေးလုပ်သားများ ဆောင်ရွက်ရမည့်လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားပြီး ဌာနဆိုင်တာဝန်ရှိသူများ၊ တိုက်နယ်ဆေးရုံများမှ ဆရာဝန်များနှင့် လက်ထောက်ကျန်းမာရေးမှူးများ ကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးမှူးများက သင်တန်းသားသင်တန်းသူများအားသင်တန်းဆင်း ဂုဏ်ပြုလက်မှတ်များ၊ ကျန်းမာရေးဆေးပုံးများ၊ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်သိန်းထွေးနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံ၌ အပူဒဏ်အန္တရာယ် ကာကွယ်ရေး အသိပညာပေးဟောပြော

မိုးညို မေ ၁၅

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းကို မေ ၁၂ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

အဆိုပါ အပူဒဏ်အန္တရာယ် အသိပညာပေးဟောပြောရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုးက ဆေးရုံတက်ရောက်နေသည့် အတွင်းလူနာနှင့် လူနာစောင့်များ၊ ဆေးရုံသို့လာရောက်ပြသသည့် ပြင်ပလူနာများအား အပူဒဏ်အန္တရာယ်ကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များနှင့် အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ပြည်သူ့ကျန်းမာရေးဝန်ထမ်းများက အပူဒဏ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုမင်း(ပြန်/ဆက်)

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

## ကြို့ပင်ကောက်မြို့နယ်အတွင်း အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြော

ကြို့ပင်ကောက် မေ ၁၅

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနက ရာသီဥတုပူပြင်းလာခြင်းကြောင့် ဒေသခံပြည်သူများ အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲများကို ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာထွန်းထွန်းစိုး၏ လမ်းညွှန်ချက်ဖြင့် ကျေးလက်ကျန်းမာရေးဝန်ထမ်းများက မိမိတို့၏နယ်မြေများတွင် ကျေးရွာများအရောက် ကွင်းဆင်း၍ ရာသီဥတုပူပြင်းလာမှုအတွက် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေး အသိပညာပေး ဟောပြောသည်။

ကြို့ပင်ကောက်မြို့နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာန ငါးခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၅ ခုနှင့် သက်ဆိုင်သော ကျေးရွာများနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးမှ မြို့ပေါ် ၁၀ ရပ်ကွက်တို့အား ကျန်းမာရေးဝန်ထမ်းများက အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇေယျာထွန်း(ကြို့ပင်ကောက်)





## မင်းလှမြို့နယ်၌ အပူဒဏ်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

မင်းလှ မေ ၁၅

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနက ရပ်ကွက်/ကျေးရွာများအတွင်း ဒေသခံပြည်သူများအား အပူဒဏ်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဆရာဝန်ကြီး၏ စီစဉ်မှုဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ကျေးလက်ကျန်းမာရေးဌာန၊ ဌာနခွဲများ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန နယ်မြေများရှိ ရပ်ကွက်ကျေးရွာ ၄၅ ခုတွင် ကျန်းမာရေးဝန်ထမ်းများက ဒေသခံပြည်သူများအား အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များနှင့် လိုက်နာဆောင်ရွက်ရန်အချက်များ၊ အရေးပေါ်ရှေးဦးပြုစုခြင်း အကြောင်းအရာများကို အသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားရှိသည့် ကြိုတင်ကာကွယ်အပူဒဏ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဗီနိုင်းပိုစတာများ ချိတ်ဆွဲခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပေါက်စ(မင်းလှ)

# ဟော်မုဇ်ရေလက်ကြား၏လုံခြုံရေးကို ထိခိုက်အောင်ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးကို အကျိုးသက်ရောက်မှုများရှိလာမည်ဟု အီရန်သမ္မတပြောကြား

**တီဟီရန် မေ ၁၅**

ဟော်မုဇ်ရေလက်ကြား၏လုံခြုံရေးကို ထိခိုက်အောင်ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ကုန်သွယ်ရေးကို အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း အီရန်သမ္မတ မာဆော့ ပါဇက်ကီရှန်က ပြင်သစ်သမ္မတမက်ခရွန်နှင့် ဖုန်းဖြင့်ဆွေးနွေးရာတွင် ပြောကြားသည်။ အီရန်ဆိပ်ကမ်းများမှ ၎င်းရေလက်ကြားသို့ ဖြတ်သန်းသွားလာမည့် သင်္ဘောများအား သွားလာခွင့်ပိတ်ပင်ကြောင်း အမေရိကန်သမ္မတ ထရမ့်က မကြာမီက ပြောကြားခဲ့ပြီးနောက် အီရန်သမ္မတက ယခုကဲ့သို့ ပြောကြားခြင်းဖြစ်သည်။ အီရန်အနေဖြင့် မဟာဗျူဟာကျသည့် ရေလမ်းကြောင်းဖြစ်သည့် ၎င်းရေလက်ကြားမှ သင်္ဘောများ လုံခြုံစွာဖြတ်သန်းသွားလာရေးကို ဆောင်ရွက်နေပြီး ၎င်းရေလက်ကြားအား ဟန့်တားမည့်ဆောင်ရွက်ချက်သည် ကမ္ဘာ့ကုန်သွယ်ရေးအတွက် အကျိုးသက်ရောက်မှုများ ရှိလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



အီရန်သည် မိမိ၏ အမျိုးသားအကျိုးစီးပွားအတွက် မည်သည့်အခြေအနေကိုမဆို ရင်ဆိုင်ရန်အသင့်ရှိနေကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

မကြာသေးမီက ကျင်းပခဲ့သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအရ အီရန်သည် ငြိမ်းချမ်းရေးရယူရန်ဆန္ဒရှိကြောင်း သိရှိနိုင်သည်ဟု ၎င်းကပြောကြားခဲ့သည်။

အမေရိကန်တာဝန်ရှိသူအချို့၏ များပြားသည့်တောင်းဆိုချက်များနှင့် ငြိမ်းချမ်းရေးရယူရန်နှောင့်နှေးခြင်းကြောင့် အပြီးသတ်ငြိမ်းချမ်းရေးရယူရန် ကြန့်ကြာနေသည်ဟု ၎င်းကပြောကြားသည်။ အီရန်အနေဖြင့် မိမိနိုင်ငံသားများ၏ အကျိုးစီးပွားကို မထိခိုက်စေဘဲ နိုင်ငံတကာဥပဒေများအတိုင်း လိုက်နာဆောင်ရွက်ပြီး ငြိမ်းချမ်းရေးရယူလိုကြောင်းနှင့် အမေရိကန်အား ငြိမ်းချမ်းရေးရယူရေးအတွက် ဥရောပနိုင်ငံများက အပြုသဘောဆောင် တိုက်တွန်းရန်လိုအပ်ကြောင်း ၎င်းကပြောကြားသည်။ အီရန်အနေဖြင့် ခြိမ်းခြောက်မှုများနှင့် စစ်ရေးအရ တိုက်ခိုက်ခြင်းများကို မလိုလားဘဲ သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်ရေးကို လိုလားကြောင်း ၎င်းကပြောကြားသည်။ အီရန်အနေဖြင့် နျူကလီးယားအရေးနှင့် ပတ်သက်၍လည်း မကြာသေးမီက ဥရောပနိုင်ငံများနှင့် သဘောတူညီချက်များ ရရှိခဲ့ကြောင်းနှင့် သတ်မှတ်ထားသည့်စည်းမျဉ်းများမှသွေဖည်ဆောင်ရွက်ခြင်းကို အီရန်နိုင်ငံက မည်သည့်အခါမျှ ပြုလုပ်မည်မဟုတ်ကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# ဂျပန်နိုင်ငံက အာရှနိုင်ငံများအား စွမ်းအင်ထောက်ပံ့ပေးရန်အတွက် အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံခန့် ပံ့ပိုးပေးမည်

**တိုကျို မေ ၁၅**

ဂျပန်ဝန်ကြီးချုပ် တာခိုင်ချီ ဆာနေးက အာရှနိုင်ငံများအား စွမ်းအင်ထောက်ပံ့ပေးရန်အတွက် အမေရိကန် ဒေါ်လာ ၁၀ ဘီလီယံခန့် ပံ့ပိုးပေးမည်ဖြစ်ကြောင်း ယနေ့ပြောကြားခဲ့သည်။

တာခိုင်ချီ ဆာနေးက မေ ၁၅ ရက်တွင် ကျင်းပသည့် Asia Zero Emission Community plus (AZEC plus) အွန်လိုင်းထိပ်သီးအစည်းအဝေးတွင် အဆိုပါ အစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါမူဘောင်တွင် ဂျပန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစု ပါဝင်သည်။ ဟော်မုဇ်ရေလက်ကြား၌ ရေကြောင်းသွားလာရေးနှင့် ပတ်သက်၍ အမေရိကန်နှင့် အီရန်တို့ကြား တင်းမာမှုများရှိနေချိန်တွင် ဂျပန်အစိုးရက ယခုကဲ့သို့ စီစဉ်ခြင်းဖြစ်သည်။

ငွေကြေးအကူအညီများကို နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဂျပန်ဘဏ်နှင့် အခြားဘဏ္ဍာရေးအဖွဲ့အစည်းများမှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်သည်။ အဆိုပါ ပဏာမရည်ရွယ်ချက်မှာ အမေရိကန်နှင့် အခြားရင်းမြစ်များမှ ရေနံစိမ်းဝယ်ယူရာတွင် အာရှနိုင်ငံများအနေဖြင့် ချောမွေ့စွာ ဝယ်ယူနိုင်ရန် ပံ့ပိုးကူညီခြင်းဖြစ်သည်။

ထို့ပြင် ဆေးဘက်ဆိုင်ရာလက်အိတ်များနှင့် ကျောက်ကပ်ဆေးရာတွင်အသုံးပြုသော ပလတ်စတစ်ပစ္စည်းများကဲ့သို့သော ထုတ်ကုန်များအတွက် အာရှတစ်ဝန်းရှိ ကုန်ထုတ်လုပ်သည့်နေရာများကို ဆက်လက်ထိန်းသိမ်းထားနိုင်စေရန် ရည်ရွယ်ကြောင်း သိရသည်။

အာရှရှိ ရေနံသိုလှောင်မှုအားလုံးကို မြှင့်တင်ရန်အတွက် ဂျပန်နိုင်ငံမှ အသုံးပြုနေသော ရေနံသိုလှောင်မှုနှင့် ထုတ်လွှတ်သည့်စနစ်များကို မိတ်ဆက်ရန်နှင့် အာရှနိုင်ငံများအား ပံ့ပိုးကူညီမည့် အစီအစဉ်ကို ထုတ်ဖော်ပြသရန်လည်း ဂျပန်ဝန်ကြီးချုပ် တာခိုင်ချီ ဆာနေးက ပြောကြားခဲ့သည်။ **ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျေးလာရော့ဗ်တို့ ပေကျင်း၌တွေ့ဆုံ

**ပေကျင်း မေ ၁၅**

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိနှင့် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျေးလာရော့ဗ်တို့ မြို့တော်ပေကျင်း၌ ယမန်နေ့က တွေ့ဆုံခဲ့သည်။



နိုင်ငံခြားရေး ဝန်ကြီးတို့က ရုရှားသမ္မတ ဗလာဒီမာပူတင်၏ တရုတ်နိုင်ငံသို့ လာရောက်လည်ပတ်မည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဒေသတွင်း ပြဿနာများအတွက် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်း ထားသင့်ကြောင်း ဝမ်ယိက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျေးလာရော့ဗ်အား ပြောကြားခဲ့သည်။

ရုရှား နိုင်ငံခြားရေးဝန်ကြီး ဆာဂျေးလာရော့ဗ်က အပြည့်အဝ သဘောတူကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံဝန်ကြီးတို့က ဗင်နီဇွဲလားနှင့် အရှေ့အလယ်ပိုင်း၏ လက်ရှိ အခြေအနေတို့နှင့်ပတ်သက်ပြီး အပြန်အလှန်ဆွေးနွေးခဲ့သည်။

ယခုနှစ်အတွင်း တရုတ်-ရုရှား ထိပ်သီးဆွေးနွေးပွဲ ကျင်းပရန် ပြင်ဆင်မှုများအပေါ် နှစ်ဖက်အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။

သမ္မတ ပူတင်က ယခုနှစ် ပထမနှစ်ဝက်အတွင်း တရုတ်နိုင်ငံသို့ သွားရောက်ရန် စီစဉ်ထားကြောင်း ရုရှားအစိုးရပိုင် Tass သတင်းဌာနက ဖော်ပြခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အသက် (၁၆)နှစ်အောက်ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့်ပိတ်ပင်ရေး အင်ဒိုနီးရှားအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု တစ်တော့ပြောကြား

**ဂျကာတာ မေ ၁၅**

အသက် (၁၆) နှစ်အောက် ရှိသူများအား တစ်တော့ သုံးစွဲခွင့်ပိတ်ပင်ရေးအတွက် အင်ဒိုနီးရှားအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း လူမှုမီဒီယာ တစ်တော့က ပြောကြားသည်။

၎င်းကိစ္စအတွက် လေ့လာသုံးသပ်မှုများ ဆောင်ရွက်နေကြောင်းတစ်တော့ကပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ရေးရာဝန်ကြီးဌာန၏ လမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း တစ်တော့က ပြောကြားသည်။ တစ်တော့အနေဖြင့် အသက်အရွယ် လိမ်လည်ထားသည်ဟု ယူဆရသည့် ဆိုရှယ်မီဒီယာအကောင့်များကို နည်းပညာဖြင့် စစ်ဆေးနေကြောင်း သိရသည်။

လူမှုမီဒီယာတစ်တော့ရှိ ဆယ်ကျော်သက်များ၏ ဆိုရှယ်မီဒီယာအကောင့်များသည် ပုဂ္ဂိုလ်ရေးလုံခြုံမှုရှိပြီး ၎င်းအကောင့်များတွင် ဆယ်ကျော်သက်များအနေဖြင့် မိမိတို့စိတ်ဝင်စားသည့်အကြောင်းအရာများကို ရေးသားခွင့်ရှိကြောင်း သိရသည်။ အင်ဒိုနီးရှားအစိုးရသည် နိုင်ငံအတွင်းရှိအသက် (၁၆)နှစ်အောက်ရှိသူများအား ယခုနှစ် မတ် ၂၈ ရက်မှ စတင်၍ TikTok၊ YouTube၊ Roblox၊ Instagram၊ Facebook၊ Threads၊ X နှင့် Bigo Live. အမည်ရှိ ဆိုရှယ်မီဒီယာများအား သုံးစွဲခွင့်ပိတ်ပင်ခဲ့သည်။ ပိတ်ပင်ရသည့်အကြောင်းရင်းမှာ အသက် (၁၆)နှစ်အောက်ရှိသူများအား ဆိုရှယ်မီဒီယာများတွင် မသင့်လျော်သည့်အကြောင်းအရာများကို ကြည့်ရှုခွင့်ပိတ်ပင်ရန်နှင့် ဆိုရှယ်မီဒီယာတွင် အချိန်ဖြုန်းခြင်းမှ ရှောင်ကြဉ်ရန်ဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက် မတ်လအတွင်း စံချိန်တင်မြင့်တက်

**တိုကျို မေ ၁၅**

ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားအရေအတွက်သည် မတ်လအတွင်း စံချိန်တင်မြင့်တက်ခဲ့ကြောင်း သိရသည်။

မတ်လအတွင်း၌ နိုင်ငံတွင်းသို့ နိုင်ငံခြားသား ၃ ဒသမ ၆၁ သန်းကျော် လာရောက်လည်ပတ်ခဲ့ပြီး ယမန်နှစ် အလားတူလထက် ၃ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း ဂျပန်အမျိုးသားခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံမှ လာရောက်လည်ပတ်သည့် ခရီးသွားအရေအတွက် ၇၉၅၆၀၀ (၁၅ ရာခိုင်နှုန်း)ရှိပြီး တရုတ်တိုင်ပေမှ လာရောက်လည်ပတ်သူ ၆၅၃၃၀၀ (၂၄ ဒသမ ၉ ရာခိုင်နှုန်း) ရှိခဲ့သည်။

အလားတူ အမေရိကန်ပြည်ထောင်စုမှ လာရောက်လည်ပတ်သူ ၃၇၅၉၀၀ (၉ ဒသမ ၇ ရာခိုင်နှုန်း) မြင့်တက်လာပြီး ဖြိတိန်မှ လာရောက်လည်ပတ်သူ ၇၀၂၀၀ (၂၀ ဒသမ ၇ ရာခိုင်နှုန်း) ရှိခဲ့ကြောင်း သိရသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်**






# မဟာသင်္ကြန်အကြတ်နေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်္ကြန်ချစ်သူပြည်သူများဖြင့် မြန်မာ့ရိုးရာအတာသင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

နေပြည်တော် ဧပြီ ၁၅

မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ဖြစ်သည့် ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၌ မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာရိုးရာယဉ်ကျေးမှု ရိုးရာအစဉ်အလာများနှင့်အညီ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ယိမ်းအကအဖွဲ့များ၊ ခေတ်ပေါ်တေးဂီတအဖွဲ့များ၊ သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပဆင်နွှဲလျက်ရှိကြသည်။

ယနေ့မဟာသင်္ကြန် အကြတ်နေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရေကစားမဏ္ဍပ်များ၊ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များနှင့် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်များဖြစ်သည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးရှိ ရေကစားမဏ္ဍပ်တို့၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာ နှစ်သစ်ကူး မဟာအတာသင်္ကြန်ဗဟိုမဏ္ဍပ်၌ လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်အတွင်းရှိ အတာရေကစားမဏ္ဍပ်၌ လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ရွှေနေကြာ မဟာသင်္ကြန်မဏ္ဍပ်နှင့် ကလောတပ်နယ်၊ ဖယ်ခုံတပ်နယ်၊ အောင်ပန်းတပ်နယ်၊ ဗထူး တပ်နယ်နှင့် လွိုင်ကော်တပ်နယ်တို့ရှိ မိသားစုရေကစားမဏ္ဍပ်များ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၊ ခိုလမ်မြို့ဗဟိုမဏ္ဍပ်၊ နမ့်စန်မြို့နယ် ဗဟိုမဏ္ဍပ်နှင့် တပ်နယ်အသီးသီးရှိ ဗဟိုမဏ္ဍပ်တို့၌ လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံ မိသားစုမဟာသင်္ကြန်မဏ္ဍပ်၊ ကျိုင်းတုံတပ်နယ်၊ မိုင်းခွန်တပ်နယ်နှင့် မိုင်းဆတ်တပ်နယ်တို့ရှိ ရေကစား မဏ္ဍပ်တို့၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် မြန်မာ့ရိုးရာမဟာအတာသင်္ကြန် ရေကစား မဏ္ဍပ်၌လည်းကောင်း၊ မြိတ်မြို့ မြန်မာ့ရိုးရာမဟာသင်္ကြန် ဗဟိုမဏ္ဍပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ပုလဲရွှေပြည်ရေကစားမဏ္ဍပ်နှင့် မြိတ်လေတပ်စခန်းဌာနချုပ် ရေကစားမဏ္ဍပ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ မိသားစုမဟာသင်္ကြန် ရေသဘင်ပွဲတော်မဏ္ဍပ်၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ဗဟိုမဏ္ဍပ်၊ နိဗ္ဗာန်ဈေးပွဲတော်နှင့် ပုသိမ်ရေတပ်စခန်းဌာနချုပ် ရေကစား မဏ္ဍပ်တို့၌လည်းကောင်း၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်အတာရေသင်္ကြန်မဏ္ဍပ်၌ လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နန်းမြို့သူ ဖျော်ဖြေရေး မဏ္ဍပ်၊ တပ်ရင်း/ တပ်ဖွဲ့အသီးသီးရှိရေကစားမဏ္ဍပ် များ၊ မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်၊ မင်္ဂလာ မန္တလေး မြန်မာ့ရိုးရာ လမ်းလျှောက်အတာသင်္ကြန် မဏ္ဍပ်နှင့် ကျုံးပတ်လည်ရှိ ဌာနဆိုင်ရာ ရေကစား မဏ္ဍပ်တို့၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာန ချုပ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဗဟို မဏ္ဍပ်နှင့် အုတ်တွင်းတပ်နယ်ရှိ အတာသင်္ကြန်မဏ္ဍပ် များ၌လည်းကောင်း အတာရေသဘင်ပွဲများကို ဆက်လက်ဆင်နွှဲကြရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာတိုင်းစစ် ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ က သွားရောက်၍ အတာသင်္ကြန် ယိမ်းအကအဖွဲ့များ ၏ ယှဉ်ပြိုင်ဖျော်ဖြေမှုများနှင့် တေးသံရှင်များ၏ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများကိုကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့ပြင် အတာရေသဘင်မဏ္ဍပ် အသီးသီး၌ ရေသဘင်ပွဲဆင်နွှဲကြသူများအား အရာရှိ၊ စစ်သည်၊ မိသားစုများ၏ စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံကျွေးမွေးမှုများကို ကြည့်ရှုအားပေးကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်္ကြန်ချစ်သူ ပြည်သူများနှင့်အတူ အတာရေသဘင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုရေကစားမဏ္ဍပ်၊ စိန်ပန်းမဏ္ဍပ်နှင့် မန်ကျည်းရိပ်မဏ္ဍပ်တို့တွင်လည်း ရေပက်ခံသူများ၊ ရေပက်ကစားသူများဖြင့် အထူးစည်ကားလျက်ရှိပြီး မိသားစုသင်္ကြန် ယိမ်းအကအဖွဲ့များ၊ အနုပညာရှင်များနှင့် တေးသံရှင်များက တေးသီချင်းများ၊ ယိမ်းအကများဖြင့် သီဆိုကပြဖျော်ဖြေကာ ရေကစား မဏ္ဍပ်များ၌ စတုဒိသာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မူဆယ်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်နှင့် သနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ ထမနဲသင်္ကြန်၊ ကော်ဖီသင်္ကြန်မဏ္ဍပ်တို့တွင် စည်ကားလျက်ရှိ

မူဆယ် ဧပြီ ၁၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ရှိ ရွှေလီမြစ်ကမ်းဘေးရှိ ဗဟိုမဏ္ဍပ်တွင် ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ ထမနဲသင်္ကြန်၊ ကော်ဖီသင်္ကြန်မဏ္ဍပ်တို့တွင် လူစည်ကားလျက်ရှိသည်။




မြန်မာ့ရိုးရာ သနပ်ခါးသင်္ကြန်၊ မြန်မာ့ရိုးရာ လက်ဖက်သင်္ကြန်၊ မြန်မာ့ရိုးရာ ထမနဲသင်္ကြန်၊ မြန်မာ့ရိုးရာ ကော်ဖီသင်္ကြန်မဏ္ဍပ်တို့ကို မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့်အတူ တစ်ပြိုင်တည်းဖွင့်လှစ်ခဲ့သည်။ မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန် မဏ္ဍပ်တွင် သနပ်ခါးကို ရှေးဘုရင်များလက်ထက်မှစ၍ အသုံးပြုခဲ့ကြောင်း၊ သနပ်ခါးပါးတို့ပွဲများရှိခဲ့ကြောင်း၊ သနပ်ခါး၏အသုံးဝင်ပုံများကို ရှင်းလင်းပြီး လာရောက်ကြသည့် ဧည့်သည်များအား သနပ်ခါးများ လိမ်းပေးခြင်းများအပြင် မိမိတို့ကိုယ်တိုင် သနပ်ခါးကိုသွေး၍ လိမ်းခြယ်နိုင်အောင် စီစဉ်ထားရှိသည်။

မြန်မာ့ရိုးရာ လက်ဖက်သင်္ကြန် မဏ္ဍပ်တွင် အသင့်စားသုံးနိုင်သည့် လက်ဖက်အုပ်များ စီစဉ်ထားရှိပြီး ဧည့်သည်တော်များအား ကိုယ်တိုင် စားသုံးစေခြင်း၊ လက်ဖက်စိုက်ပျိုးပုံ၊ ခူးဆွတ်ပုံ၊ လက်ဖက်အဆင့်ထိ ပြုလုပ်ပုံများကို ပြသထားသည်။ မြန်မာ့ရိုးရာ ထမနဲမဏ္ဍပ်တွင် ထမနဲပွဲတော်အကြောင်း၊ ထမနဲတွင် ပါဝင်သည့်ပစ္စည်းများ၊ အသင့်စားသုံးနိုင်အောင် စီစဉ်ထားသည့် ထမနဲများ ထားရှိပြီး ဧည့်သည်တော်များ မြင်တွေ့နိုင်ရန် ထမနဲထိုးပွဲကို စီစဉ်ဆောင်ရွက်ထားသည်။

မြန်မာ့ရိုးရာ ကော်ဖီမဏ္ဍပ်တွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်ပုံ၊ ကော်ဖီကြိတ်စက်များနှင့် အသင့်သောက်သုံးနိုင်သည့် ကော်ဖီထုပ်များကို ထားရှိပြီး ဧည့်သည်တော်များအား အသင့်သောက်သုံးနိုင်ရန် ကော်ဖီခွက်များစီစဉ်ထားရှိရာ ပြည်သူများက လာရောက်ယူဆောင်သောက်သုံးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကျောင်းကုန်းမြို့၌ သင်္ကြန်အကြတ်နေ့ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲ

ကျောင်းကုန်း ဧပြီ ၁၅

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့၌ ယနေ့သင်္ကြန်အကြတ်နေ့ နံနက်ပိုင်းက ယိမ်းအဖွဲ့များ၊ တေးသံရှင်များဖြင့် အေးချမ်းစွာ ဆင်နွှဲခဲ့ကြသည်။

ကျောင်းကုန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ရှိ ဗဟိုမဏ္ဍပ်၌ သင်္ကြန်ယိမ်းအဖွဲ့များက ကပြဖျော်ဖြေခဲ့ကြပြီး တေးသံရှင်များက သီဆိုဖျော်ဖြေခဲ့ကြသည်။ စတုဒိသာမဏ္ဍပ်၌ မုန့်လုံးရေပေါ်များ၊ မုန့်လက်ဆောင်းများ ကျွေးမွေးလှူဒါန်းခဲ့ပြီး စည်ကားစွာကျင်းပလျက်ရှိကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်)မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# ပြည်သူတွေအားထား မြန်မာ့မီးရထား

ဒေါက်တာသန့်စင်(ရူပဗေဒ)




နိုင်ငံတော်အစိုးရအဆက်ဆက်က ပြည်သူများ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုများ စရိတ်သက်သာစွာနှင့် အဆင်ပြေစေရန်အတွက် နိုင်ငံအနှံ့ ရထားလမ်းများ ဖောက်လုပ်ကာ ခေတ်မီရထားစက်ခေါင်းများ၊ လူစီးတွဲများ၊ ကုန်တွဲများဖြင့် ပြေးဆွဲပေးလျက်ရှိပါသည်။ ၁၈၇၇ ခုနှစ် မေလ ၁ ရက်နေ့က Irrawaddy State Railway အနေဖြင့် ရန်ကုန်-ပြည် ၁၆၁ မိုင်ကို AO 1 ရေနွေးငွေ့စက်ခေါင်းဖြင့် စတင်ပြေးဆွဲပြီး မြန်မာနိုင်ငံ၏ ပထမဦးဆုံးရထားလမ်းကို စတင်ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာ့မီးရထား (MR – မမ) သည် အရှေ့တောင်အာရှ၌ အစောဆုံးစတင်ခဲ့သည်ဟု ဆိုရမည်ဖြစ်ပါသည်။

စစ်ကြိုခေတ်တွင် ရေနွေးငွေ့စက်ခေါင်းများဖြင့် ပြေးဆွဲနေရာမှ ပထမဆုံးအနေဖြင့် ပြင်သစ်နိုင်ငံ အယ်စသွန် (Alsthom) ကုမ္ပဏီမှ ဒီဇယ်လျှပ်စစ်စက်ခေါင်းများကို ဝယ်ယူပြီး ၁၉၅၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်–မန္တလေး ရထားလမ်းပိုင်း၌ စတင်အသုံးပြုခဲ့ပါသည်။ နောက်ပိုင်းတွင် ဂျာမနီ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်နိုင်ငံတို့မှ ဒီဇယ်စက်ခေါင်းများ ဝယ်ယူကာ ပြေးဆွဲပေးခဲ့ပါသည်။

### နိုင်ငံအတွင်း ဘူတာရုံပေါင်း ၉၆၂ ခုအထိ တည်ဆောက်နိုင်ခဲ့

ထိုမှတစ်ဆင့် မြန်မာ့မီးရထား၏ စက်ခေါင်းများကို အဆင့်ဆင့်တိုးတက်ပြောင်းလဲပြေးဆွဲခဲ့ရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် ခေတ်မီ Diesel Electric Multiple Unit (DEMU) ရထားတွဲဆိုင်းအသစ်များဖြင့် စတင်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်ဘူတာကြီးတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ လက်ရှိကာလတွင် နိုင်ငံအတွင်း ရထားလမ်းခရီးမိုင် စုစုပေါင်း ၃၈၀၀ ကျော်နှင့် ဘူတာရုံပေါင်း ၉၆၂ ခုအထိ တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါသည်။

DEMU ရထားတွဲဆိုင်းများကို စပိန်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့မှ မှာယူခဲ့ပါသည်။ DEMU ဂျပန်တွဲဆိုင်းများ၌ ရန်ကုန်မြို့ပတ်ရထားတွင် တွဲဆိုင်းခြောက်ဆိုင်းပါဝင်ပြီး ထိုင်စီးခရီးသည် ၃၃၂ ဦး၊ မတ်တတ်စီးခရီးသည် ၅၀၀ ခန့်နှင့် စုစုပေါင်း ၈၃၂ ဦး လိုက်ပါစီးနင်းနိုင်သည်။ ရန်ကုန်မြို့ပတ်လမ်းပိုင်းတွင် RBE တွဲ လေးဆိုင်းဖြင့် ၂၃ ခေါက်၊ DEMU တွဲဆိုင်းဖြင့် လေးခေါက် စုစုပေါင်း ၂၇ ခေါက် နေ့စဉ်ပြေးဆွဲကာ ရန်ကုန်မြို့ဝန်းကျင်ရှိ ခရီးသည်များ နေ့စဉ်ရုံးတက် ရုံးဆင်း၊ ကျောင်းတက် ကျောင်းဆင်းနှင့် ခရီးသွားလာသူများ အဆင်ပြေစေရန် ပြေးဆွဲပေးနေပါသည်။

ယခုအခါ ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းတွင် BEL (Battery Electric Locomotive) စက်ခေါင်းတွဲဖြင့် စတင်ပြေးဆွဲခြင်းကို ၂၀၂၆ ခုနှစ် မတ်လက စတင်ခဲ့ပါသည်။ ထို့ပြင် ရန်ကုန်–နေပြည်တော်–ရန်ကုန် ခရီးစဉ်များတွင် DEMU ရထားတွဲများဖြင့် ပြေးဆွဲလျက်ရှိသည်။ ရန်ကုန် – နေပြည်တော် DEMU (ဂျပန်) တွဲဆိုင်းတွင် အထက်တန်းတွဲ တစ်တွဲလျှင် ထိုင်ခုံ ၃၆ ခုံနှင့် အထက်တန်းတွဲ နှစ်တွဲ၊ ပထမတန်း လေးတွဲတွင် ခရီးသည် ၂၄၀ စီးနင်းလိုက်ပါနိုင်သည်။

DEMU(စပိန်) တွဲဆိုင်းတွင် အထက်တန်းတွဲ တစ်တွဲလျှင် ထိုင်ခုံ ၃၃ ခုံနှင့် ပထမတန်း လေးတွဲတွင် ထိုင်ခုံ ၂၂၄ ခုံ ပါရှိသည်။ ခရီးသည်များ ရထားစီးနင်းရာတွင် လက်မှတ်ဝယ်ယူမှု အဆင်ပြေစေရန်အတွက် ခုနစ်ရက် ကြိုတင်၍ ရထားလက်မှတ်များကို အွန်လိုင်းစနစ်ဖြင့် (ortp.railways.gov.mm) အသုံးပြုကာ ဝယ်ယူနိုင်သည်။ DEMU ရထားတွင် ရန်ကုန်–နေပြည်တော်–ရန်ကုန်အတွက် ပထမတန်း ငွေကျပ် ၁၉၀၀၀ နှင့် အထက်တန်း ၂၈၀၀၀ သတ်မှတ်ထားပါသည်။ ရန်ကုန်–နေပြည်တော် ခရီးအတွက် ကြာချိန်မှာ ၅ နာရီခွဲခန့်သာ ဖြစ်ပါသည်။

ယခုအခါ ရန်ကုန်ဘူတာကြီးမှ မန္တလေး၊ မော်လမြိုင်၊ ပြည်၊ ပုဂံ၊ နေပြည်တော် စသည့်မြို့ကြီးများသို့ ရထားခရီးစဉ်များကို ပြေးဆွဲပေးလျက်ရှိသည်။ ရန်ကုန်ဘူတာကြီးမှ ကုန်ရထားများကို ရန်ကုန်မှ မန္တလေး (မြို့ဟောင်း) ဘူတာ၊ သာစည်၊ မြစ်ငယ် – ပုလိပ် ဘူတာများသို့ နေ့စဉ်ပုံမှန် အဝင်သုံးစီး၊ အထွက် သုံးစီးခန့် ပြေးဆွဲပေးနေသည်။ ထို့ပြင် ရန်ကုန်(ရွာသာကြီး)ဘူတာနှင့် မြစ်ငယ်ဘူတာသို့ ကွန်တိန်နာတွဲ ၂၇ တွဲဖြင့် နေ့စဉ်ကုန်စည်များ သယ်ယူပို့ဆောင် ပြေးဆွဲနေသည့်အပြင် ရန်ကုန်– မန္တလေး ရထားလမ်းပိုင်းတွင် ပါဆယ်အထူးရထားများ ပြေးဆွဲကာ ကုန်ပစ္စည်းများကို သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။ လိုအပ်ပါက စက်ခေါင်းနှင့် တွဲလိုအပ်ချက်များကို ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါသည်။

### အခက်အခဲများကို ကူညီဖြေရှင်းနိုင်ရန် အချိန်ပြည့်ဆောင်ရွက်ပေးလျက်ရှိ

ယခုအချိန်တွင် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် စက်သုံးဆီရှားပါးမှုကို ကမ္ဘာတစ်ဝန်း ကြုံတွေ့နေကြရသည်။ မြန်မာနိုင်ငံ၌ ခရီးသွားလာရာတွင် မီးရထား၊ ကားနှင့် ရေယာဉ်များကိုသာ အဓိကထား အသုံးပြုကြသည်။ စက်သုံးဆီ ရှားပါးမှုကြောင့် အဝေးပြေးကားများနှင့် အဝေးပြေးကုန်သယ်ကားများ ဈေးနှုန်းတက်၍ ပြေးဆွဲနေရသည်။ မြန်မာ့မီးရထားက ထိုအခက်အခဲများကို ကူညီဖြေရှင်းနိုင်ရန် အချိန်ပြည့်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဈေးနှုန်း အသက်သာဆုံးဖြင့် ကုန်ပစ္စည်းများကို မြန်မာပြည်အနှံ့ သယ်ယူပို့ဆောင်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ကုန်ရထားတွဲများဖြင့် ထုံးကျောက်(စက်ရုံကုန်ကြမ်း)၊ ဂေါတန် (ဘိလပ်မြေကုန်ကြမ်း)၊ ကြံ(သကြားစက်)နှင့် လမ်းခင်းကျောက်များကိုလည်း တင်ဆောင်ကာ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိပါသည်။

မြန်မာ့မီးရထားက မဟာသင်္ကြန် နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ပုံမှန်ပြေးဆွဲလျက်ရှိသည့် ရထားများအပြင် အထူးရထားများအဖြစ် ရန်ကုန်–နေပြည်တော်–ရန်ကုန် ခရီးစဉ်၊ ရန်ကုန်–မော်လမြိုင်–ရန်ကုန်၊ ရန်ကုန်–ပြည်–ရန်ကုန်၊ သာစည်–တောင်ကြီး၊ ပျဉ်းမနား–တောင်တွင်းကြီး၊ လက်ပံတန်း–သာရဝေါ၊ မြစ်ကြီးနား–မိုးကောင်း၊ ပုသိမ်–ကြံခင်း ခရီးစဉ်များ ပြေးဆွဲမည့်အစီအစဉ်များကို ၂၀၂၆ ခုနှစ် ဧပြီလ ၂ ရက်နေ့ထုတ် နေ့စဉ်သတင်းစာများတွင် အချိန်ဇယားများဖြင့် ဖော်ပြပေးထားပါသည်။ သက်ဆိုင်ရာ ဘူတာရုံများနှင့် မြန်မာ့မီးရထား ဝက်ဘ်ဆိုက်တွင် ဝင်ရောက်ကြည့်ရှုမေးမြန်းစုံစမ်းနိုင်ပါသည်။

မြန်မာနိုင်ငံ၏ အဓိက ရထားလမ်းပိုင်းများတွင် ရထားလမ်းများ အဆင့်ဆင့်မြှင့်တင်ခြင်း၊ လူစီးတွဲများကို ခေတ်မီတွဲသစ်များအစားထိုးကာ ခုတ်မောင်းပြေးဆွဲပေးခြင်း၊ ရထားများ အချိန်မှန်ကန်စွာ ပြေးဆွဲလာနိုင်ခြင်းတို့ကြောင့် ရထားစီး ခရီးသည်များ နေ့စဉ် ပိုမိုများပြားလာသည်။ ကုန်စည်များ ပို့ဆောင်ရာတွင် အလွယ်တကူသယ်ယူပို့ဆောင်နိုင်ခြင်း၊ လုံခြုံစိတ်ချရခြင်း၊ အချိန်မီရောက်ရှိခြင်း၊ ကုန်ကျစရိတ်သက်သာခြင်း စသည့် အားသာချက်များကြောင့် မြန်မာ့မီးရထားသည် ပြည်သူများ အားထားရသည့် ခရီးသွားဝန်ဆောင်မှုကို အပြည့်အဝ တာဝန်ထမ်းဆောင်ပေးနေသည့် လုပ်ငန်းကြီးဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

> စက်သုံးဆီရှားပါးမှုကြောင့် အဝေးပြေးကားများနှင့် အဝေးပြေးကုန်သယ်ကားများ ဈေးနှုန်းတက်၍ ပြေးဆွဲနေရသည်။ မြန်မာ့မီးရထားက ထိုအခက်အခဲများကို ကူညီဖြေရှင်းနိုင်ရန် အချိန်ပြည့်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ဈေးနှုန်းအသက်သာဆုံးဖြင့် ကုန်ပစ္စည်းများကို မြန်မာပြည်အနှံ့ သယ်ယူပို့ဆောင်ပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ကုန်ရထားတွဲများဖြင့် ထုံးကျောက်(စက်ရုံကုန်ကြမ်း)၊ ဂေါတန် (ဘိလပ်မြေကုန်ကြမ်း)၊ ကြံ(သကြားစက်) နှင့် လမ်းခင်းကျောက်များကိုလည်း တင်ဆောင်ကာ ပြေးဆွဲပို့ဆောင်ပေးလျက်ရှိ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

ရန်ကုန်လိပ်စာ
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

မန္တလေးလိပ်စာ
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။




## မြဝတီမြို့လမ်းလျှောက်သင်္ကြန်မဏ္ဍပ်နှင့် ရပ်ကွက်များရှိ မဏ္ဍပ်များ၌ မဟာသင်္ကြန်(အကြတ်နေ့)တွင် ရေပက်ကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိ

မြဝတီ ဧပြီ ၁၅

ကရင်ပြည်နယ် မြဝတီမြို့၌ နှစ်သစ်ကူးမဟာသင်္ကြန် အကြတ်နေ့ ဧပြီ ၁၅ ရက် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန် လမ်းလျှောက်ပွဲတော် မဏ္ဍပ်နှင့် ရပ်ကွက်များရှိ ရေကစားမဏ္ဍပ်များ၊ မြဝတီအာရှလမ်းမကြီး တစ်လျှောက်တွင် ရေပက်ခံထွက်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။



မြဝတီမြို့ လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၌ ဌာနဆိုင်ရာများမှ ယိမ်းအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ယိမ်းအဖွဲ့များ၊ ရပ်ကွက်များမှ ယိမ်းအဖွဲ့များနှင့် မြဝတီမြို့ရှိ ခေတ်ပေါ်စင်တင် တေးဂီတအဖွဲ့များမှ တေးသံရှင်များက ရေဆော့ကစားရန် လာရောက်သည့် ပြည်သူများအား အကအလှများ၊ တေးဂီတများဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့်တာဝန်ရှိသူများက ယိမ်းအကအလှအဖွဲ့များနှင့် ခေတ်ပေါ်တေးဂီတအဖွဲ့များအား ဆုငွေများချီးမြှင့်ကြပြီး ရေကစားရန် လာရောက်ကြသည့် ပြည်သူများအား လမ်းလျှောက်သင်္ကြန်မဏ္ဍပ်တွင် ဌာနဆိုင်ရာနှင့် ရပ်ကွက်များက ကောက်ညှင်းသာခွေယိုင်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း အစရှိသည့် မြန်မာ့ရိုးရာအစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကာ ပြည်သူများ စိတ်အေးချမ်းသာ ပျော်ရွှင်စွာ လာရောက်ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဗိုလ်တထောင်ခရိုင် သင်္ကြန်ဗိုလ်အတာရေသဘင် လမ်းလျှောက်သင်္ကြန်အကြတ်နေ့ ဆက်လက်ကျင်းပ

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ကန်ပတ်လမ်းနှင့် သိမ်ဖြူလမ်းထောင့် ပန်းကန်လုံးကျွန်းရှေ့ရှိ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗိုလ်တထောင်ခရိုင်သင်္ကြန်ဗိုလ်အတာရေသဘင်ကို အကြတ်နေ့ ဆက်လက်ကျင်းပလျက်ရှိသည်။

အဆိုပါအခမ်းအနားသို့ ဗိုလ်တထောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အဆင့်ဖိတ်ကြားထားသည့်ဌာနဆိုင်ရာများ၊ ဗိုလ်တထောင်ခရိုင်အတွင်းရှိ ငါးမြို့နယ်မှ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်၍ ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

ထို့နောက်ပုဇွန်တောင်မြို့နယ်မှ စတုဒိသာရွှေရင်အေး ကျွေးမွေးလှူဒါန်းပြီး အများပြည်သူများက ဖျော်ဖြေရေးမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာဆင်နွှဲခဲ့ကြောင်းသိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ လမ်းလျှောက်မဟာသင်္ကြန်ပွဲတော် ယမန်နေ့များထက် ပိုမိုစည်ကားလျက်ရှိ

ရန်ကုန် ဧပြီ ၁၅

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ပြည်သူများပျော်ပျော်ရွှင်ရွှင်နှင့် အေးချမ်းစွာ ရေကစားနိုင်စေရန်အတွက် လမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်တွင် သင်္ကြန်အကြတ်နေ့ နံနက် ၈ နာရီခန့်က စတင်၍ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စုပေါင်းရုံးရှေ့ ရန်ကုန်-ပုသိမ်ကားလမ်းမကြီးပေါ်တွင် ဆောက်လုပ်ထားသည့်ဗဟိုမဏ္ဍပ်၌ ယမန်နေ့ထက် ပိုမိုစည်ကားလျက်ရှိသည်။



အဆိုပါလမ်းလျှောက်သင်္ကြန်ဗဟိုမဏ္ဍပ်သို့ ပျော်ပျော်ရွှင်ရွှင် ရေကစားရန် ရောက်ရှိလာကြသည့် ပြည်သူများနှင့်အတူ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များက ပါဝင်ဆင်နွှဲပေးကြသည်။

ဖျော်ဖြေရေးအစီအစဉ်အဖြစ် ရပ်ကွက်အသီးသီးမှ ယိမ်းအကလှပျိုဖြူများက ဗဟိုမဏ္ဍပ်စင်မြင့်ပေါ်တွင် ယိမ်းအကများဖြင့် ဖျော်ဖြေခြင်း၊ တေးသံရှင်များက မြူးကြွသောသင်္ကြန်သီချင်းများဖြင့် ကခုန်သီဆိုကြကာ ရေကစားလာကြသည့်ပြည်သူများမှာ ပျော်ရွှင်အေးချမ်းစွာ ရေပက်ဖျန်းကစားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ဒဂုံမြို့သစ်ခရိုင် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန် ဗဟို မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၁၃ရက် မွန်းလွဲ ၃နာရီက အမှတ်(၃၅)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ နတ်ရေကန်ပန်းခြံအနီးတွင် ကျင်းပသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန် ဗဟိုမဏ္ဍပ်ဖွင့်ပွဲအခမ်းအနားတွင် ဒဂုံမြို့သစ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုက နှစ်သစ်ကူးနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ဗဟိုမဏ္ဍပ်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးတင့်ဝေ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်ဇာခြည်လင်း၊ ဒဂုံမြို့သစ်ခရိုင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ ဒဂုံမြို့သစ်ခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လှပျိုဖြူများက “မြူမှောင်ဝေကင်း” သီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြောင်းသိရသည်။

မြင့်မြင့်ရီ

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ရိုးရာယဉ်ကျေးမှုသင်္ကြန် အစစ်အမှန်ကို ထိန်းသိမ်းကြရအောင်

တို့လူငယ်တွေအတွက် စာထဲက "ရိုးရာယဉ်ကျေးမှု သင်္ကြန်" နဲ့ "အပြင်ကသင်္ကြန်" ဘယ်လောက်တောင်ကွာခြားသလဲဆိုတာကို နည်းနည်းလောက် ပြောပြချင်ပါတယ်။

စာထဲမှာတော့ ရိုးရာယဉ်ကျေးမှုသင်္ကြန်ဆိုတာ အင်မတန်အေးချမ်းကြည်နူးဖို့ကောင်းတဲ့ ပွဲတော်ကြီးပေါ့။ ဒါပေမဲ့ လက်တွေ့မှာတော့ တစ်ခါတလေ "ပျော်စရာ"ဆိုတာထက် "အကျည်းတန်စရာ"တွေ ဖြစ်နေတတ်လို့ သတိထားရအောင်။

**စာထဲကသင်္ကြန် (Ideal Thingyan)**

စာအုပ်တွေထဲမှာ ရိုးရာယဉ်ကျေးမှု သင်္ကြန်လမ်းညွှန်ချက်တွေကို ဖတ်ကြည့်ရင်တော့ …

အကြိုနေ့ -- အိမ်ကဘုရားစင်ကို သန့်ရှင်းရေးလုပ်၊ ရေသပ္ပာယ်၊ မေတ္တာသုတ်ရွတ်ပြီး အေးအေးချမ်းချမ်း ကုသိုလ်ယူ။

အကျနေ့ -- ဘုရားဆွမ်းကပ်၊ သံဃာတော်တွေကို ဆွမ်းချိုင့်ပို့၊ ဒါနတွေပြု။

အကြတ်နေ့-- အဘိုးအဘွားတွေကို ခေါင်းဆေးပေး၊ လက်သည်းညှပ်ပေး၊ တရော်ကင်ပွန်းနဲ့ ကုသိုလ်ယူ။

**အတက်နေ့-- စတုဒိသာကျွေး၊ သောက်ရေသန့်လှူ။**

**နှစ်ဆန်းတစ်ရက်နေ့ -- ဥပုသ်စောင့်၊ ပဋ္ဌာန်းရွတ်၊ မေတ္တာပို့။**

စာထဲမှာတော့ ရိုးရာယဉ်ကျေးမှု သင်္ကြန်ဟာ "ရေစင်ဖျန်းလို့ ကုသိုလ်ပွားကာ၊ ယဉ်ကျေးသိမ်မွေ့တဲ့" ကာလလေးပေါ့။

စာထဲမှာ -- "ရေအေးအေးလေးနဲ့ အညစ်အကြေး ဆေးကြောပါ" တဲ့။ ဒါပေမဲ့ လက်တွေ့မှာ ကြုံရတဲ့ သင်္ကြန်ကတော့ --

မသန့်တဲ့ရေနဲ့ပက်လို့ စိတ်ဆိုးခံရတာ၊ နို့ဆီခွက်နဲ့ခုတ်တာ၊ ခေါင်းပေါ်ကနေ အတင်းလောင်းချတာ… အလွန်အမင်းအေးတဲ့ ရေခဲရေနဲ့ပက်တာက ပျော်စရာထက် စိတ်အနှောင့်အယှက်ဖြစ်စေပါတယ်။

ဒါက သန့်စင်တာလား၊ ဒုက္ခပေးတာလားတောင် မသေချာတော့ဘူး။

စာထဲမှာ "ယဉ်ကျေးစွာ ပျော်ရွှင်ပါ" တဲ့။

အပြင်မှာ -- ရေဘောလုံးနဲ့ ပေါက်တာ (အထူးသဖြင့် မိန်းကလေးတွေဆို "အမဲဖျက်သလို" ဝိုင်းပစ်ကြတာ)၊ အရက်မူးပြီး ရန်ဖြစ်တာ၊ နှုတ်နဲ့စော်ကားတာ၊ ကိုယ်ထိလက်ရောက် ကျူးလွန်တာတွေအထိ ဖြစ်လာပါတယ်။

**လူငယ်တွေအတွက် သင်ခန်းစာ (Advice for the Youth)**

ဒီကွာဟချက်ကြီးကိုကြည့်ပြီး တို့လူငယ်တွေအနေနဲ့ "ပျော်တာလည်း ပျော်၊ တော်တာလည်း တော်" ဖို့ သင်ခန်းစာယူရအောင်။ "ပျော်တာဟာ သူတစ်ပါးကို ဒုက္ခမပေးဖို့ပဲ"

စာထဲကလို ဘုရားစင်မရှင်းနိုင်ရင်တောင် အပြင်မှာ လူတွေကို ရေပိုက်နဲ့ အတင်းထိုးတာ၊ ရေဘောလုံးနဲ့ ပေါက်တာမျိုးမလုပ်ပါနဲ့။ ကိုယ့်အတွက် ပျော်စရာက သူတစ်ပါးအတွက် "နာကျင်စရာ" ဖြစ်မသွားပါစေနဲ့။

"ယဉ်ကျေးမှုဆိုတာ အဝတ်အစားမှာတင်မဟုတ်ဘူး၊ အကျင့်စာရိတ္တမှာပါ" မိန်းကလေးတွေ လုံလုံခြုံခြုံဝတ်ဖို့ ပြောနေကြပေမယ့်၊ တကယ်တမ်းပြင်ရမှာက အမျိုးသားတွေရဲ့ "အမြင်" နဲ့ "လက်" ပါ။ သင်္ကြန်ဆိုတာ မိန်းကလေးတွေကို နှုတ်နဲ့စော်ကားခွင့်၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခွင့်ရတဲ့ "လိုင်စင်ရရက်" မဟုတ်ပါဘူး။

**အတုမခိုးပါနဲ့**

အရက်မူးပြီး ရမ်းကားတာ၊ အော်ဟစ်ဆဲဆိုတာတွေကို "သင်္ကြန်ပဲလေ"ဆိုပြီး အမှတ်မှားပြီး အတုမခိုးကြပါနဲ့။ ဒါတွေဟာ ရိုးရာယဉ်ကျေးမှု မဟုတ်ဘဲ "ယဉ်ကျေးမှု အတုအယောင်" တွေသာ ဖြစ်ပါတယ်။

**ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပါ**

သင်္ကြန်မှာ သွေးဆူလွယ်တဲ့သူတွေများတာမို့ တတ်နိုင်သမျှ ပြဿနာဖြစ်မယ့်နေရာတွေကို ရှောင်ပါ။ ပျော်ချင်လို့ ထွက်လာပေမယ့် ကိုယ့်လုံခြုံရေးကို အမြဲသတိထားပါ။

နိဂုံးချုပ်အနေနဲ့ကတော့…

စာထဲက ရိုးရာယဉ်ကျေးမှုသင်္ကြန်က အေးချမ်းသလောက်၊ အပြင်က သင်္ကြန်က ပူလောင်နေတာဟာ တို့တွေရဲ့ "စိတ်ဓာတ်"ကြောင့်ပါပဲ။ ဒီနှစ်မှာတော့ "ပါဝါမကိုက်တော့တဲ့ အတွေးအခေါ်ဟောင်း" တွေကို လွှင့်ပစ်လိုက်ကြစို့။ အပြန်အလှန်လေးစားမှုရှိတဲ့၊ လုံခြုံတဲ့၊ စာထဲကလို တကယ်ကို ချစ်စရာကောင်းတဲ့သင်္ကြန်ဖြစ်အောင် တို့လူငယ်တွေကပဲ စပြီး ပုံဖော်ကြရအောင်လား။

မဏ္ဍပ်မှာ ရေမပက်ရရင်တောင် အိမ်မှာ အေးအေးဆေးဆေး စာဖတ်ပြီး ကုသိုလ်ယူတာက ပိုကောင်းတယ်ဆိုတာ မမေ့နဲ့ဦးနော်။

## Let's Write in English daily, young ones.

## လူငယ်တွေ … အင်္ဂလိပ်လို နေ့စဉ်ရေးကြရအောင် …



**စိုင်းအောင်မြင့် (ရှမ်းအိုးစည်-တာချီလိတ်)**

**The Ideal Thingyan (စာထဲကသင်္ကြန်)**

- It is a peaceful time for religion and family.
  သင်္ကြန်ဆိုတာ အင်မတန် အေးချမ်းကြည်နူးဖို့ကောင်းတဲ့ ရိုးရာပွဲတော်ကြီးပေါ့။
- People do good deeds like cleaning the house's altar, washing your grandparents' hair, and taking the merit.
  အိမ်ကဘုရားစင်ကို သန့်ရှင်းရေးလုပ်၊ အဘိုးအဘွားတွေကို ခေါင်းဆေးပေး၊ ကုသိုလ်ယူ။
- Water is used gently to wash away bad things.
  ရေစင်ဖျန်းလို့ အညစ်အကြေး ဆေးကြောပါတဲ့။

**The Reality (လက်တွေ့မှာကြုံရတဲ့ သင်္ကြန်)**

- Water play can become aggressive or painful. People sometimes throw dirty water, hurl condensed milk cans, or pelt others with water balloons.
  မသန့်တဲ့ ရေနဲ့ပက်တာ၊ နို့ဆီခွက်နဲ့ခုတ်တာ၊ ရေဘောလုံးနဲ့ ပေါက်တာတွေ ဖြစ်နေတတ်ပါတယ်။
- Alcohol leads to bad behavior and fighting.
  အရက်မူးပြီး ရမ်းကားတာ၊ ရန်ဖြစ်တာ၊ အော်ဟစ်ဆဲဆိုတာတွေ ရှိပါတယ်။
- Women are often harassed or treated disrespectfully.
  မိန်းကလေးတွေကို နှုတ်နဲ့စော်ကားတာ၊ ကိုယ်ထိလက်ရောက် ကျူးလွန်တာတွေ ရှိပါတယ်။

**Advice for Youth (လူငယ်တွေအတွက် သင်ခန်းစာ)**

- Do not let your fun cause pain to other people.
  ကိုယ့်အတွက် ပျော်စရာက သူတစ်ပါးအတွက် နာကျင်စရာ ဖြစ်မသွားပါစေနဲ့။
- Men must change their mindset and respect women.
  တကယ်တမ်းပြင်ရမှာက အမျိုးသားတွေရဲ့ အမြင်နဲ့ လက်ပါ။
- True culture is about good character, not just traditions.
  ယဉ်ကျေးမှုဆိုတာ အဝတ်အစားမှာတင်မဟုတ်ဘူး၊ အကျင့်စာရိတ္တမှာပါ။
- Staying safe and peaceful at home is a "cool" way to celebrate.
  အိမ်မှာ အေးအေးဆေးဆေး စာဖတ်ပြီး ကုသိုလ်ယူတာက ပိုပြီးကောင်းတယ်။

ဒီအချက်တွေကို ခြုံငုံကြည့်ရင်…

စာကြောင်းတွေက တိုတိုတုတ်တုတ်နဲ့ ထိထိမိမိရှိလှပါတယ်။ 'ဘေးကင်းဖို့နဲ့ အပြန်အလှန်လေးစားဖို့'ဆိုတဲ့ ဆိုလိုရင်းဟာ ရှည်ရှည်ဝေးဝေးရေးမထားတဲ့အတွက် အဓိပ္ပာယ်မပျောက်ဘဲ ပိုပြီးပေါ်လွင်သွားစေပါတယ်…

သူတစ်ပါးကို မထိခိုက်စေဘဲ ယဉ်ကျေးစွာပျော်ပါ၊ အပြန်အလှန်လေးစားမှုဖြင့် ဘေးကင်းလုံခြုံသောသင်္ကြန်ကို ပုံဖော်ကြပါစို့။

# ဥပမာနှင့်စကားပုံအမှားများ၊ ခေါင်းစဉ်တပ်ပုံအမှားများ

**လှသမိန်**

(၃၀-၃-၂၀၂၆ ရက်နေ့မှအဆက်)

**အမှား။** သူသည် ရောင်းသည့်ပစ္စည်းတန်ဖိုးကို တိုး၍ပေးသော်လည်း နည်းသည်ဟု မရောင်းသေးဘဲနေသည်။ အလိုစမ်းခံသော တေမိမင်းနှင့်တူသည်။

**အမှန်။** သူသည် ရောင်းသည့်ပစ္စည်းတန်ဖိုးကို တိုး၍ပေးသော်လည်း နည်းသည်ဟု မရောင်းသေးဘဲနေသည်။ နောက်ဆုံးပိတ် အိတ်နှင့်လွယ်ရမည် ထင်နေသည်။

**အကြောင်းပြ။** တေမိမင်းမှာ နောက်ထပ် ပို၍ကောင်းမွန်သောနည်းဖြင့် အလိုစမ်းစေလိုသောကြောင့် တိတ်တိတ်နေခြင်းမဟုတ်ပေ။ ထို့ကြောင့် ဥပမာကောက်ယူမှု လွဲမှားနေသည်။

**အမှား။** ဤသူသည် အဇာတသတ်မင်းကဲ့သို့ ရဲရင့်သည်။

**အမှန်။** ဤသူသည် မဟာဗန္ဓုလကဲ့သို့ ရဲရင့်သည်။

**အကြောင်းပြ။** အဇာတသတ်မင်းမှာ ရဲရင့်ရာ၌ ထင်ရှားကျော်ကြားသူမဟုတ်ပေ။ ဖခင်ရင်းကို သတ်ရက်ခြင်းဖြင့်သာ ထင်ရှားပေသည်။

### ခေါင်းစဉ်တပ်ပုံအမှားများ

မြန်မာစာရေးသားရာတွင် မိမိရေးသားသောစာပိုဒ်များနှင့် ပတ်သက်၍ ခေါင်းစဉ်တပ်ရာတွင် ဆိုလိုရင်းနှင့် ခေါင်းစဉ်၏အဓိပ္ပာယ်တို့ မဟပ်စပ်မိဘဲ လွဲချော်မှားယွင်းတတ်ပေသည်။ ခေါင်းစဉ်ဟူသည်မှာ ရေးသားသောစာပိုဒ်များ၏ အခြေခံအကြောင်းအချက်ကို စာတစ်ကြောင်းတည်းဖြင့် ခြုံငုံမိအောင် စာခေါင်းတပ်ခြင်းဖြစ်ပေသည်။ ရေးသားသည့်အကြောင်းအရာကို ထွန်းပြနိုင်စွမ်းရပေမည်။ ခေါင်းစဉ်နှင့် စာကိုယ်သည် ကိုက်ညီရပေမည်။ ခေါင်းစဉ်မှားယွင်းခြင်းကြောင့် ဖတ်ရှုရာတွင် ရှုပ်ထွေး၍ အကောက်အယူလွဲစေနိုင်ပေသည်။

ရုံးလုပ်ငန်းဆိုင်ရာစာများတွင် စာ၏အကြောင်းအရာအကျဉ်းကို အလွယ်တကူ ထုတ်ယူသိရှိနိုင်အောင်၊ အကြောင်းအရာ၊ ကိစ္စ၊ ဘာသာရပ်စသည်ဖြင့် စာခေါင်းတပ်ကြရ၍၊ သတင်းစာ၊ စာအုပ်စာတမ်းများတွင်လည်း ခေါင်းစဉ်တပ်ကြရပေသည်။ ခေါင်းစဉ်တပ်ပုံနှင့် ပတ်သက်၍ မှားယွင်းတတ်ပုံအချို့ကို အောက်တွင်ဖော်ပြထားပေသည်။

**စာကိုယ်။** အလုပ်သမားရေးရာအရာရှိ ဦးဘအောင်သည် နမ္မတီးမြို့ သကြားစက်ရုံရှိ အလုပ်သမားများ၏ လူမှုဖူလုံရေး ခံစားခွင့်များနှင့်ပတ်သက်သောကိစ္စများကို လေ့လာရန် ၁၉၆၅ ခုနှစ် ဩဂုတ် ၂ ရက်နေ့တွင် ရုံးစိုက်ရာ ရန်ကုန်မြို့မှ နမ္မတီးမြို့သို့ ခရီးထွက်ခွာသွားရောက်ခွင့်ပြုရန် အစီအရင်ခံပါသည်။

**ခေါင်းစဉ်မှား။** အလုပ်သမားရေးရာအရာရှိ၏ ခရီးသွားအစီရင်ခံစာ။

**ခေါင်းစဉ်မှန်။** အလုပ်သမားရေးရာအရာရှိ၏ ခရီးထွက်ခွင့်ပန်ကြားခြင်း။

**ရှင်းပြချက်။** ခရီးသွားအစီရင်ခံစာမှာ ခရီးထွက်ခွာပြီး နောက်ပြန်လည်ရောက်ရှိလာမှသာ ခရီးထွက်ခွာဆောင်ရွက်ခဲ့ပုံများကို ပြန်လည်တင်ပြ အစီရင်ခံခြင်းမျိုးသာဖြစ်သည်။

**စာကိုယ်။** ယခုနှစ် ရာကျော်စပါးစိုက်ပျိုးကြသည့် ဦးကြီးများကို စိုက်ပျိုးရေးဌာနမှ ရာကျော်မျိုးစပါးနှင့် ယူရီးယားဓာတ်မြေဩဇာအိတ် ၃၈၅၀၊ ဆူပါဖော့စ်ဖိတ်အိတ် ၃၈၅၀ နှင့် ပိုတက် ၁၉၂၅ အိတ်တို့ကို သီးနှံပေါ်ပေးစနစ်ဖြင့် ထုတ်ပေးရောင်းချခဲ့လေသည်။ **(ဆက်လက်ဖော်ပြပါမည်)**

**ဆရာကြီး လှသမိန်၏ "မှားတတ်သော မြန်မာစာအရေးအသား (အမှန်ရေးနည်း)" စာအုပ်မှ ကူးယူဖော်ပြပါသည်။**

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ

- ➢ တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- ➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- ➢ မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ➢ ရေများများသောက်ပါ။



၂

## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- ➢ နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- ➢ နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ➢ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- ➢ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ➢ ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ➢ ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- ➢ အလွန်အမင်းရေဆာခြင်း၊
- ➢ ဂနာမငြိမ်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- ➢ အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ➢ ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ➢ ကယောင်ကတမ်းဖြစ်ခြင်း၊
- ➢ တက်ခြင်း၊ သတိလစ်ခြင်း။

၄

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ် ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- ➢ သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- ➢ နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ➢ ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- ➢ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

၅

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- ➢ လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- ➢ လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- ➢ လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- ➢ လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- ➢ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- ➢ လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# ကမ္ဘာပေါ်တွင် အောင်မြင်မှုရရှိနေသည့် တရုတ်နိုင်ငံ၏ နည်းပညာမြင့် လျှပ်စစ်ကားများ

စိုးသူရ

ယနေ့ကမ္ဘာတွင် တရုတ်နိုင်ငံသည် လျှပ်စစ်ကား (EV) ထုတ်လုပ်မှုနှင့် နည်းပညာပိုင်း၌ မည်သူမျှမယှဉ်နိုင်သော အရှိန်အဟုန်ဖြင့် ထိပ်တန်းမှ ဦးဆောင်နေသည်။ ၂၀၂၅ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ပြည်တွင်းကားရောင်းအား ထက်ဝက်ကျော်မှာ လျှပ်စစ်ကားများဖြစ်လာခဲ့ပြီး BYD ကဲ့သို့သော ကုမ္ပဏီများသည် Tesla ထက်ပင် ရောင်းအားသာလွန်ကာ ကမ္ဘာ့နံပါတ်တစ်နေရာကို ရယူထားနိုင်ပြီဖြစ်သည်။ အစိုးရ၏ အခွန်ကင်းလွတ်ခွင့် ပံ့ပိုးမှုများ၊ စမတ်ဖုန်းနည်းပညာနှင့် ကားများကို ပေါင်းစပ်ပေးနိုင်သော Xiaomi ကဲ့သို့ တီထွင်ဆန်းသစ်မှုများကြောင့် တရုတ်လျှပ်စစ်ကားများသည် ဈေးနှုန်းသက်သာရုံသာမက နည်းပညာပိုင်းတွင်ပါ ဥရောပနှင့် အမေရိကန်ကားများကို စိန်ခေါ်လာနိုင်သည်။ ထို့ကြောင့် အရှေ့တောင်အာရှမှသည် ဥရောပဈေးကွက်အထိ တရုတ်လျှပ်စစ်ကားများ၏ လွှမ်းမိုးမှုမှာ ရှောင်လွှဲ၍မရသော ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲတစ်ခု ဖြစ်လာပေသည်။




တရုတ်နိုင်ငံ၏ EV လုပ်ငန်းသည် မြို့ပြလေထုညစ်ညမ်းမှုကို လျှော့ချခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချခြင်းဖြင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများရှိနေသည်။ မြို့ပြဒေသတွင် လျှပ်စစ်ကားများသုံးစွဲခြင်းဖြင့် လောင်စာဆီသုံးကားများထက် လေထုညစ်ညမ်းမှုကို လျော့ကျစေပြီး သန့်ရှင်းသည့် လူနေမှုစနစ်ကို ဆောင်ရွက်ရာရောက်သည်။

Xiaomi လျှပ်စစ်ကား၏ HyperOS ကဲ့သို့သော စနစ်များသည် ဖုန်း၊ အိမ်ရှိ လျှပ်စစ်ပစ္စည်းများနှင့် ကားကို တစ်သားတည်းချိတ်ဆက်ပေးကာ "ရွေ့လျားနေသော စမတ်ပစ္စည်း" အဖြစ် ပြောင်းလဲလိုက်သည်။ ခရီးသွားလာစဉ်အတွင်း အိမ်ရှိပစ္စည်းများကို လှမ်း၍ထိန်းချုပ်နိုင်ခြင်း၊ AI ဖြင့် စကားပြောခိုင်းစေနိုင်ခြင်းတို့က လူနေမှုပုံစံကို အဆင်ပြေစေသည်။

Xiaomi SU7 လျှပ်စစ်ကားတွင်ပါဝင်သည့် နည်းပညာများကိုလည်း အောက်ပါအတိုင်းတွေ့ရှိရသည်။

- **အသိဉာဏ်ရှိသော စက်ရုပ် (Intelligent Robot)** စနစ်အရ ကားသည် လမ်းများမှ အတားအဆီးများကို လူထက်မြန်အောင် သိရှိနိုင်ပြီး ဘေးကင်းအောင် ရှောင်ကွင်းမောင်းနှင်နိုင်သည့် Lidar နှင့် AI Sensors များ ပါဝင်သောကြောင့် သာမန်ကားထက် စက်ရုပ်တစ်ရုပ်ကဲ့သို့ အသုံးပြုနိုင်သည်။
- **Xiaomi Pilot (Autonomous Driving)** စနစ်အရ မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုများတွင် ကားကို အလိုအလျောက် ထိန်းကျောင်း မောင်းနှင်ပေးနိုင်သလို ကျဉ်းမြောင်းသည့် နေရာများတွင်လည်း လူမပါဘဲ အလိုအလျောက် ကားပါကင်ထိုးပေးနိုင်သည်အထိ အဆင့်မြင့်ကြောင်း တွေ့ရသည်။
- **AI Voice Assistant (Xiao AI) စနစ်အရ** "ငါ့ကို အိမ်ပြန်ပို့ပေးပါ" သို့မဟုတ် "အိမ်ရောက်ရင် လေအေးပေးစက်ဖွင့်ထားပေးပါ"ဆိုသည့် ခိုင်းစေချက်များကို နားလည်ပြီး ချက်ချင်းလုပ်ဆောင်ပေးနိုင်ခြင်းသည် စမတ်ကျသည့် လူနေမှုပုံစံကို ပေးစွမ်းသည်။

တရုတ်နိုင်ငံ၏ EV ကုမ္ပဏီများသည် ကမ္ဘာ့လျှပ်စစ်ကားဘက်ထရီထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကျော်ကို ထိန်းချုပ်ထားရုံသာမက နည်းပညာပိုင်းတွင်ပါ ထိပ်တန်းရောက်နေသည်။

တရုတ်နိုင်ငံ CATL လျှပ်စစ်ကားလုပ်ငန်းမှ ထုတ်လုပ်သည့် Shenxing ဘက်ထရီသည် ၁၀ မိနစ် အားသွင်းရုံဖြင့် ကီလိုမီတာ ၄၀၀ (၂၅၀ မိုင်ခန့်) ခရီးနှင်နိုင်သည့် 4C Superfast Charging နည်းပညာကြောင့် ဥရောပကားများထက် အားသာချက်ရှိကြောင်း တွေ့ရှိရသည်။

ထို့ပြင် ၂၀၂၆-၂၀၂၇ အတွင်း မိုင် ၆၀၀ ကျော်အထိသွားနိုင်မည့် ဘက်ထရီများကို တရုတ်လျှပ်စစ်ကားလုပ်ငန်း NIO နှင့် IM Motors တို့က စတင်မိတ်ဆက်နေပြီဖြစ်သည်။

တရုတ်နိုင်ငံသည် လျှပ်စစ်ကားများအတွက် အဓိကကိရိယာဖြစ်သည့် ဘက်ထရီများထုတ်လုပ်နိုင်သော ကုန်ကြမ်းများကို ပိုင်ဆိုင်ထားခြင်းကလည်း လျှပ်စစ်ကားများထုတ်လုပ်ရာတွင် အောင်မြင်မှုကို ပံ့ပိုးပေးသည်။ အခြားနိုင်ငံများမှ လျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းများက အရင်းအမြစ်များကို အောင်မြင်စွာအသုံးမချနိုင်သည့် အချိန်တွင် တရုတ်နိုင်ငံမှ ကျွမ်းကျင်သူများက ၎င်းအရင်းအမြစ်များအား အောင်မြင်စွာအသုံးပြုနေသည်ကို တွေ့ရှိရသည်။

တရုတ်နိုင်ငံသည် သယ်ယူပို့ဆောင်ရေးတွင် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေဘဲ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုနိုင်သည့် လျှပ်စစ်ကားများကို အများအပြားအသုံးပြုနေပြီဖြစ်သည်။ နေ့စဉ်လူနေမှုပုံစံတွင် လျှပ်စစ်ကားများ၏ အသုံးဝင်မှုကိုလည်း တရုတ်နိုင်ငံသားများက နားလည်ထားကြရာ လျှပ်စစ်ကားအသုံးပြုမှုမှာ တစ်နေ့တခြားများပြားလာသည်ကို တွေ့ရှိရသည်။ စွမ်းအင်ဖြစ်သည့် လျှပ်စစ်ကားအားဖြည့်စခန်းများကိုလည်း အများအပြားထူထောင်ခဲ့ပြီးဖြစ်ရာ လောင်စာအစားထိုး စွမ်းအင်အတွက် စိတ်ချရသည့် အခြေအနေသို့ ရောက်ရှိနေပြီဖြစ်သည်။ ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျော့ကျလာနေသည့် ယနေ့ကမ္ဘာတွင် တရုတ်နိုင်ငံ၏ လျှပ်စစ်ကား မြှင့်တင်ရေးဆောင်ရွက်ချက်များမှာ အောင်မြင်မှုရရှိနေသည်ကို တွေ့ရှိရကြောင်း ရေးသားလိုက်ရပါသည်။ ။

ကိုးကား – The Rise Of China EV IndustrY

> ❛နေ့စဉ် လူနေမှုပုံစံတွင် လျှပ်စစ်ကားများ၏ အသုံးဝင်မှုကိုလည်း တရုတ်နိုင်ငံသားများက နားလည်ထားကြရာ လျှပ်စစ်ကားအသုံးပြုမှုမှာ တစ်နေ့တခြား များပြားလာသည်ကို တွေ့ရှိရသည်။ စွမ်းအင်ဖြစ်သည့် လျှပ်စစ်ကားအားဖြည့်စခန်းများကိုလည်း အများအပြားထူထောင်ခဲ့ပြီးဖြစ်ရာ လောင်စာအစားထိုး စွမ်းအင်အတွက် စိတ်ချရသည့်အခြေအနေသို့ရောက်ရှိနေပြီဖြစ်သည်။ ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျော့ကျလာနေသည့် ယနေ့ကမ္ဘာတွင် တရုတ်နိုင်ငံ၏ လျှပ်စစ်ကား မြှင့်တင်ရေးဆောင်ရွက်ချက်များမှာ အောင်မြင်မှုရရှိနေ❜

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လျှော်ပေးခြင်း စသည့်နည်းလမ်းများအားရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက် လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှု အခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

## အုတ်တွင်းမြို့နယ်၌ သင်္ကြန်အကြတ်နေ့ နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိ

**အုတ်တွင်း မေ ၁၅**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှစ၍ ကျင်းပရာ ယနေ့သင်္ကြန်အကြတ်နေ့အထိ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲလျက်ရှိသည်။

အုတ်တွင်း မြို့နယ်အတွင်း နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ထိန်းသိမ်းကာ အတာရေပက်ကစားကြသူများ၊ ရေပက်ခံထွက်သူများနှင့် သင်္ကြန်ချစ်သူများက ရပ်ကွက်/ကျေးရွာများအတွင်း ပျော်ရွှင်စွာ အတာရေကစား၍ သနပ်ခါး သင်္ကြန်ပါဝင်ဆင်နွှဲကာ အချို့ရည်၊ မုန့်လုံးရေပေါ်၊ ထမင်းစတုဒိသာများ ကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

အုတ်တွင်းမြို့နယ်တွင် ရပ်ကွက်/ကျေးရွာများအလိုက် နှစ်သစ်ကူး အတာသင်္ကြန်ပွဲတော် ကာလအတွင်း ဘုရား၊ ကျောင်းကန်များ၌ ဥပုသ်သီလ ဆောက်သူများဖြင့် များပြားလျက်ရှိပြီး ၁၃၈၈ ခုနှစ် နှစ်သစ်ကူး မြန်မာနှစ်ဆန်း တစ်ရက်တွင်လည်း အန္တရာယ်ကင်းပရိတ် တရားတော်များ ရွတ်ဖတ်ခြင်း၊ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ခြင်းများနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲများလည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ပါကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



## စဉ့်ကိုင်မြို့နယ် သင်္ကြန်အကြတ်နေ့တွင် ရေပက်ကစားသူများဖြင့် စည်ကားများပြား

**စဉ့်ကိုင် မေ ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ ၂၀၂၆ ခုနှစ် ဧပြီ ၁၅ ရက်တွင်ကျရောက်သည့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော် အကြတ်နေ့တွင် စဉ့်ကိုင်မြို့နယ် မြသီတာပန်းခြံအတွင်းရှိ ဗဟိုမဏ္ဍပ်၌ ဖျော်ဖြေရေးအဖွဲ့များ၊ ရေပက်ကစားသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ သင်္ကြန်မဏ္ဍပ်တွင် နာမည်ကြီး အဆိုတော်တေးသံရှင်များ၊ ယိမ်းသမလေးများက ဖျော်ဖြေညှော်ခံခဲ့ကြပြီး ဌာနဆိုင်ရာများက စုပေါင်း၍ ဖျော်ဖြေရေးအဖွဲ့များ၊ လာရောက်ကြည့်ရှုသူများ၊ ရေကစားလာပြည်သူများအား စတုဒိသာများဖြင့် ကျွေးမွေးခဲ့ကြသည်။

ရပ်ကွက်များ၊ ကျေးရွာများအတွင်း၌လည်း သင်္ကြန်ကာလအတွင်း လူကြီး၊ လူငယ်၊ ကလေးသူငယ်များက ရေပက်ကစားခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်း၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံများတွင် သက်ကြီးရွယ်အိုများက ဥပုသ်သီလဆောက်တည်ခြင်း၊ တရားဘာဝနာ ပွားများခြင်းတို့ဖြင့် စိတ်အေးချမ်းစွာ ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဝင်းဝင်းသန်း(စဉ့်ကိုင်)





ဆိပ်ဖြူမြို့နယ်တွင် သင်္ကြန်အကြတ်နေ့၌ အေးချမ်းပျော်ရွှင်စွာ ရေကစားခြင်း၊ စတုဒိသာကျွေး ကုသိုလ်ပြုသူများဖြင့် စည်ကားလျက်ရှိစဉ်။

ကိုဇွဲ(အညာမြေ)



ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့တွင် သံဖြူဇရပ်မြို့နယ် ဆံတော်ရှင်သမိုင်းဝင် ကျိုက္ခမီ ရေလယ်ဘုရား၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့မြင်ရစဉ်။

ကိုတွတ်(ပြန်/ဆက်)



ဧပြီ ၁၅ ရက် သင်္ကြန်အကြတ်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၃) ရပ်ကွက် (၁၂ လုံးတန်း)၌ ဦးသစ္စာနှင့် မိတ်ဆွေများက စတုဒိသာအလှူအဖြစ် မုန့်ဟင်းခါးပိသာ ၆၀ ကျော်ကို ကျွေးမွေးလှူဒါန်းရာ လာရောက်စားသုံးသူများဖြင့် စည်ကားလျက်ရှိစဉ်။

ကိုငွေး

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့ မွန်းလွဲ ၃ နာရီက မြို့မရပ်ကွက် (ဗဟို)သင်္ကြန်မဏ္ဍပ်တွင် ဧည့်ပရိသတ်ပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးစဉ်။

အေးခိုင်(ပြန်/ဆက်)



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင် ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# တန့်ယန်းမြို့နယ်၌ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြတ်နေ့ ဆက်လက်ဆင်နွှဲ



**တန့်ယန်း ဧပြီ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ ရေကစားမဏ္ဍပ်များ၌ ရေကစားကြသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာဖြင့် ဆင်နွှဲလျက်ရှိကြရာ ဗဟိုမဏ္ဍပ်၊ တပ်နယ်မိသားစုမဏ္ဍပ်၊ ဌာနဆိုင်ရာနှင့် ရပ်ကွက်များ၏ မဏ္ဍပ်များ၌ ယိမ်းအကအဖွဲ့များ၏ အကအလှများ၊ လမ်းလျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ ကော်ဖီသင်္ကြန်တို့၌ စတုဒိသာ ကျွေးမွေးဧည့်ခံခြင်းဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။ **မင်းလွင်ဦး(တန့်ယန်း)**



# ရမည်းသင်းမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု လမ်းလျှောက်သင်္ကြန်ပွဲတော် ကျင်းပ

**ရမည်းသင်း ဧပြီ ၁၅**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု လမ်းလျှောက်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ကျင်းပလျက်ရှိသည်။

ဧပြီ ၁၃ရက်တွင် ဖွင့်ပွဲအခမ်းအနားကိုကျင်းပခဲ့ပြီး ရန်အောင်မြင်ဘုရားလမ်းတွင် ရန်ကုန်-မန္တလေးလမ်းမကြီးထိပ်မှ ဦးမင်းနိုင်လမ်းထိပ်အထိ ရေပန်းများပက်ဖျန်းခြင်း၊ အလှပန်းကုံးများ၊ ထီးများချိတ်ဆွဲ၍ လမ်းလျှောက်သင်္ကြန်ဆင်နွှဲနိုင်ရန်ပြုလုပ်ထားသည်။ စတုဒိသာမဏ္ဍပ်များတွင် ဌာနဆိုင်ရာများ၊ ရပ်ကွက်ကျေးရွာအုပ်စုများ၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းမှုဖြင့် မုန့်လက်ဆောင်း၊ ရွှေရင်အေး၊ ကျောက်ကျော၊ သစ်သီးအစရှိသည်တို့ဖြင့် သင်္ကြန်ပွဲလာရောက်ကြသူများအား ဧည့်ခံကျွေးမွေးသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖျော်ဖြေရေးဗဟိုမဏ္ဍပ်တွင်လည်း ရုပ်ရှင်သရုပ်ဆောင်၊ အဆိုတော်များ၊ ရပ်/ကျေး အုပ်စုများမှအဖွဲ့များက သင်္ကြန်ပွဲတော်လာရောက်ကြသူများအား အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေလျက်ရှိပြီး ညပိုင်းတွင် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ သင်္ကြန်ယိမ်းလှပျိုဖြူအဖွဲ့များက ကပြယှဉ်ပြိုင်ကြကြောင်း သိရသည်။

**လှိုင်သန်းတင့် (ရမည်းသင်း)**

# လပွတ္တာမြို့နယ်တွင် မဟာသင်္ကြန်အကြတ်နေ့၌ ရေကစားခြင်း၊ စတုဒိသာကျွေးမွေးခြင်းများဖြင့် အေးချမ်းပျော်ရွှင်စွာရေကစားလျက်ရှိ

**လပွတ္တာ ဧပြီ ၁၅**

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော် အကြတ်နေ့ဖြစ်သည့် ဧပြီ ၁၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့ လမ်းမတော်လမ်းနှင့် ကမ်းနားလမ်းရှိ ဗဟိုမဏ္ဍပ်နှင့် စုပေါင်းရေကစားမဏ္ဍပ်များတွင် လာရောက်ရေကစားကြသူများ၊ စတုဒိသာကျွေးမွေးကြသူများဖြင့် ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ရေကစားလျက်ရှိသည်။



လပွတ္တာမြို့နယ်ရှိ ဌာနဆိုင်ရာနှင့်ရပ်ကွက်များ ပူးပေါင်း၍ မဏ္ဍပ် ၁၀ ခုဖြင့် စတုဒိသာများကို နေ့အလိုက် ကျွေးမွေးခြင်းများ အပြင် မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ ထမနဲသင်္ကြန်မဏ္ဍပ်များတွင် ရေကစားကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ လပွတ္တာမြို့နယ်အတွင်းရှိ ဘုရားစေတီများတွင် ဘုရားဖူးပြည်သူများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် တရားစခန်းရိပ်သာများတွင် ဥပုသ်သီလဆောက်တည်ကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**






# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟာသင်္ကြန်အကြတ်နေ့၌ ရေပက်ကစားကြသူများဖြင့်စည်ကား

**ညောင်ဦး ဧပြီ ၁၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ လမ်းလျှောက်သင်္ကြန်၌ နှစ်သစ်ကူးမဟာသင်္ကြန်အကြတ်နေ့ ယနေ့နံနက်ပိုင်းတွင် ရေပက်ခံထွက်သူများ၊ ရေကစားကြသူများ၊ စတုဒိသာကျွေးမွေးကြသူများ၊ နွားလှည်းစီးသူများဖြင့် စည်ကားလျက်ရှိသည်။

**စည်ကားလျက်ရှိ**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟာသင်္ကြန်အကြတ်နေ့တွင် ဗဟိုမဏ္ဍပ်၌ ယိမ်းအဖွဲ့ ကိုးဖွဲ့နှင့် သံစုံတီးဝိုင်း ခြောက်ဝိုင်းတို့က အလှည့်ကျ သီဆိုဖျော်ဖြေကြပြီး လမ်းလျှောက်သင်္ကြန်တွင် နွားလှည်းစီးသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ညောင်ဦးမြို့ လမ်းမတော် လမ်းမကြီးတစ်လျှောက်၊ ဝက်ကြီးအင်းရပ်ကွက် လမ်းမကြီးတစ်လျှောက်တွင် ရေကစားသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိရာ လမ်းလျှောက်သင်္ကြန်တွင် လာရောက်ရေကစားသူများ၊ စတုဒိသာကျွေးမွေးသူများ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်သူများ အပူအန္တရာယ် ဖြစ်ပေါ်မှုကာကွယ်နိုင်ရေး Information Center တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ယာယီဆေးခန်း ဖွင့်လှစ်ထားရှိပေးထားကြောင်း သိရသည်။

ဒီပါလင်း





# ခိုလမ်မြို့၌ သင်္ကြန်အကြတ်နေ့တွင် အတာရေပက်ကစားသူများဖြင့် စည်ကား

**ခိုလမ် ဧပြီ ၁၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့၌ မဟာသင်္ကြန်အကြတ်နေ့ ယနေ့နံနက် ၉ နာရီမှစတင်၍ မိတ္ထီလာ-တောင်ကြီး-တာချီလိတ် ပြည်ထောင်စုလမ်းမကြီးဘေး ကျိုင်းတောင်းလမ်းဆုံရှိ ဗဟိုမဏ္ဍပ်နှင့် ရပ်ကွက်ရေကစားမဏ္ဍပ်တို့တွင် ပြည်သူများ အေးချမ်းပျော်ရွှင်စွာရေကစားလျက်ရှိကြပြီး ရေပက်ခံထွက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ ဟိုင်းလိုက်ကျေးရွာအုပ်စု (၂၆) မိုင်ကျေးရွာရှိ ရေပြာအိုင် အပန်းဖြေစခန်းနှင့် တုန်ဟုန်းရေကန်တို့တွင်လည်း DJ အဖွဲ့က မြူးကြွသည့် သင်္ကြန်သီချင်းများဖြင့် သီဆိုဖျော်ဖြေလျက်ရှိကြပြီး၊ အနယ်နယ်အရပ်ရပ်မှ ရေပက်ကစားသူများ၊ ရေပက်ခံလာသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ ရေကစားကြသူများ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်စေရန်အတွက် မြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့စည်ပင်သာယာရေးအဖွဲ့နှင့် မြို့မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး၊ ရေရရှိရေးတို့ကို စီမံဆောင်ရွက်ပေးလျက်ရှိပြီး မြို့ပေါ်လမ်းများ အလိုက် ရေကစားမဏ္ဍပ်ကြီး/ငယ်များ၊ စတုဒိသာကျွေးမွေးကြသူများ၊ ရေပက်ကစားကြသူများ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ခိုလမ်(ပြန်/ဆက်)

# ပြင်ဦးလွင်မြို့၌ သင်္ကြန်ပွဲတော်အကျနေ့တွင် ပြည်သူများ ပါဝင်ဆင်နွှဲလျက်ရှိပြီး ဗဟိုမဏ္ဍပ်၊ ဌာနဆိုင်ရာများ၏ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များဖြင့် စည်ကားလျက်ရှိ

**ပြင်ဦးလွင် ဧပြီ ၁၅**

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ကန်တော်ကြီးပတ်လမ်းပေါ်တွင် ပြင်ဦးလွင်မြို့ ဗဟိုမဏ္ဍပ်၊ ဌာနဆိုင်ရာများ၏ ရေကစားမဏ္ဍပ်နှင့် စတုဒိသာမဏ္ဍပ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ သင်္ကြန်အကျနေ့တွင် ပြင်ဦးလွင်မြို့ရှိ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ လာရောက် လည်ပတ်သူများဖြင့်



စည်ကားလျက်ရှိသည်။

မဟာသင်္ကြန်ပွဲတော် ကာလ အတွင်း ပြည်သူများ အေးချမ်းပျော်ရွှင်စွာဆင်နွှဲနိုင်ရေး သင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီနှင့်ဆပ်ကော်မတီများ၊ ပြင်ဦးလွင်တပ်နယ်မှ အရာရှိစစ်သည်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့များ၊ ကြက်ခြေနီအသင်းများ၊ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လာရောက်ဆင်နွှဲကြသော ပြည်သူများအား ရွှေရင်အေး၊ သာကူ၊ ကြာဆံချက်၊ ထမင်း စသည့် စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မတ္တရာမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်အကြတ်နေ့တွင် ရေကစားကြသူများ၊ စတုဒိသာကျွေးမွေးမှုများဖြင့် စည်ကားလျက်ရှိ



**မတ္တရာ ဧပြီ ၁၅**

မြန်မာ့ရိုးရာမဟာသင်္ကြန် အကြတ်နေ့၌ မတ္တရာမြို့နယ် လမ်းလျှောက်သင်္ကြန်တွင် လာရောက်ရေကစားသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိသည်။

**ဧည့်ခံကျွေးမွေး**

မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းတွင် ဗဟိုမဏ္ဍပ်၌ ဖျော်ဖြေရေးယိမ်းအဖွဲ့များ၊ သင်္ကြန်ယိမ်းအကပြိုင်ပွဲများ၊ သီဆိုဖျော်ဖြေမှုများ၊ DJ တီးခတ်မှုများဖြင့် ကျင်းပရာ လာရောက်ကြည့်ရှု ရေကစားကြသူများဖြင့် စည်ကားလျက်ရှိပြီး ရေကစားကြသူများအား စတုဒိသာများ ဧည့်ခံကျွေးမွေးလျက်ရှိကြောင်း သိရသည်။

ရွှေရာသား

# အောင်လံမြို့နယ်၌ မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် ဖွင့်လှစ်

**အောင်လံ ဧပြီ ၁၅**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန် ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့ ညနေပိုင်းတွင် အဆိုပါမဏ္ဍပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အခမ်းအနားတွင် အောင်လံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကား ပြောကြားပြီး မဟာသင်္ကြန်ဗဟိုမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်အား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်(၁) ဒုတိယ ဗိုလ်မှူးကြီး မျိုးကျော်အောင်၊ အဖွဲ့ဝင် ဦးအောင်မိုး၊ အတွင်းရေးမှူး ဒုတိယရဲမှူးကြီး ဝင်းလှိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

အာကာ(အောင်လံ)

# ကွန်ဟိန်းမြို့၌ သင်္ကြန်ပွဲတော်အကြတ်နေ့ ရေကစားသူများဖြင့် စည်ကားလျက်ရှိ

**ကွန်ဟိန်း ဧပြီ ၁၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်၌ မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော် အကြတ်နေ့တွင် ရပ်နီးရပ်ဝေးမှ လာရောက်ရေကစားသူများဖြင့် စည်ကားလျက်ရှိသည်။

**စနစ်တကျဆောင်ရွက်**

အဆိုပါ ကွန်ဟိန်း၊ ဝိန်းလုံချောင်း ရေပေါ်သင်္ကြန်ကို ပြည်သူများ အေးချမ်းပျော်ရွှင်စွာ လာရောက် လည်ပတ်နိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့်



အုပ်ချုပ်ရေး ကော်မတီအဖွဲ့၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာဌာနများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများ အေးချမ်းစွာရေကစားနိုင်ရေးအတွက် လုံခြုံရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**✲ ကမ္ဘာပေါ်မှ**

အသီးအရွက်စားသတ္တဝါဖြစ်ပြီး ဝက်နှင့်ပုံသဏ္ဌာန်တူသော်လည်း နှာတံပါရှိ၍ ကြံ့နှင့်ဆင်တူကာ တောင်အမေရိကတိုက်၊ ဗဟိုအမေရိကနှင့်အရှေ့တောင်အာရှ မိုးသစ်တောတို့တွင် ရှင်သန်ကျက်စားသည်။ ခန္ဓာကိုယ်တွင် အနက်နှင့်အညိုရောင်၊ ဖြူညစ်ညစ်အရောင်၊ အညိုရောင်၊ အနက်ရောင်နှင့် အဖြူအနက်တို့ဖြင့် နိုင်ငံအလိုက်ကွဲပြားပြီး မြန်မာနိုင်ငံတွင် အနက်နှင့်အညိုရောင်ရှိသော ကြံ့သူတော်များကို တနင်္သာရီတိုင်းဒေသကြီး သဘာဝကြိုးဝိုင်းအတွင်း ရှင်သန်ကျက်စားလျက်ရှိကာ တစ်ကြိမ်တွင် တစ်ကောင်သာမွေးဖွားသည်။

ကမ္ဘာပေါ်တွင်အင်းကျားသုံးမျိုးရှိပြီး အရွယ်အစားနှင့်ခန္ဓာကိုယ်အကွက်ကို ခွဲခြား၍ နေရာဒေသအလိုက် အခေါ်အဝေါ်ကွဲပြားလေ့ရှိကာ သက်တမ်း ၁၁ နှစ်အထိ ရှင်သန်နေထိုင်သည်။ ဟိမဝန္တာမိုးသစ်တောတွင် အဓိကနေထိုင်ကြပြီး အင်ဒိုနီးရှားနိုင်ငံ ဆူမတြာအင်းကျားများလည်း ထင်ရှားကာ ကြောင်မျိုးရင်းဝင် တောရိုင်းတိရစ္ဆာန်များအနက် အလယ်အလတ်အရွယ်အစားရှိသော တောရိုင်းတိရစ္ဆာန်ဖြစ်သည်။ မြန်မာနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် ကျက်စားလျက်ရှိပြီး အထူးသဖြင့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရှင်သန်ကျက်စားလျက်ရှိရာ ၂၀၁၈ ခုနှစ်တွင် နိုင်ငံတကာသဘာဝထိန်းသိမ်းစောင့်ရှောက်ရေးအသင်း(ICUN)က မျိုးတုံးပျောက်ကွယ်နိုင်မည့် မျိုးစိတ်အဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာပေါ်တွင် သင်းခွေချပ်များ ဆေးဘက်ဝင်သည်ဟူသောယူဆမှုဖြင့် သတ်ဖြတ်မှုကြောင့် တစ်နှစ်ထက်တစ်နှစ် ကောင်ရေလျော့နည်းလာရာ ICUN က မျိုးတုံးနိုင်သော သတ္တဝါအဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများက ထိုသို့သတ်ဖြတ်မှုကို ပြင်းထန်စွာ တားမြစ်ထားသည်။ မြန်မာနိုင်ငံ၌ သင်းခွေချပ်များ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် ရှင်သန်ကျက်စားလျက်ရှိပြီး အထူးသဖြင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း ရှင်သန်လျက်ရှိသည်။

ချစ်စရာအပြုံးပိုင်ရှင်များဟု လူသိများပြီး လူနှင့်ယဉ်ပါးလေ့ရှိသည့် ဧရာဝတီလင်းပိုင်ကို မျိုးတုံးပျောက်ကွယ်လုနီးပါး သတ္တဝါအဖြစ် သတ်မှတ်ထားပြီး နိုင်ငံ၏ရတနာတစ်ပါးအဖြစ် ထိန်းသိမ်းကာကွယ် စောင့်ရှောက်လျက်ရှိသည်။ မွေးဖွားနှုန်းထက် ထိခိုက်သေဆုံးမှုတို့ကြောင့် အရေအတွက်



နိုင်ငံ၏ရတနာတစ်ခုဖြစ်သည့် ဧရာဝတီလင်းပိုင်များကို မန္တလေး ကျောက်မြောင်းရှိ ဧရာဝတီမြစ်အတွင်းတွေ့ရစဉ်။

လျော့ကျမှုကို ထိန်းသိမ်းကြပ်မတ်လျက်ရှိပြီး နို့တိုက်သတ္တဝါဖြစ်၍ ကိုယ်ဝန်ဆောင်ချိန် ၁၁ လကြာမြင့်ကာ တစ်ကြိမ်လျှင် တစ်ကောင်သာ မွေးဖွားလေ့ရှိ၍ ၇ နှစ်မှ ၉ နှစ်အရွယ်မှသာ မျိုးပွားနိုင်သောအရွယ်သို့ ရောက်ရှိသည်။ ကမ္ဘာပေါ်တွင် မျိုးတုံးရန်ရင်ဆိုင်နေရသည့် ဧရာဝတီလင်းပိုင်ကောင်ရေ ၉၀ အောက်သာကျန်ရှိပြီး မြန်မာနိုင်ငံအပြင် စင်ကာပူနှင့်ထိုင်းနိုင်ငံတို့တွင်လည်း မွေးမြူထားကာ ICUN က မျိုးတုံးအန္တရာယ်နှင့် ရင်ဆိုင်နေရသည့် သတ္တဝါအဖြစ် သတ်မှတ်ထားပြီး မျိုးရင်းဖြစ်သည့် ဧရာဝတီမြစ်အတွင်းနေထိုင်သည့် ချစ်စရာလင်းပိုင်များကို ဆက်လက်ရှင်သန်နိုင်ရန် ထိန်းသိမ်းကာကွယ်ထားသည်။

ပူပြင်းသောရာသီဥတုကိုနှစ်သက်သည့် မြန်မာ့ကြယ်လိပ်သည် မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ရှင်သန်ကျက်စားလျက်ရှိပြီး အပူပိုင်းရွက်ပြတ်တောနှင့် ဆူးခြုံတောတို့တွင် ကျက်စားသည်။ အစုံစားသတ္တဝါဖြစ်၍ အမျှင်ဓာတ်များသောအရွက်ကို အဓိကစားလေ့ရှိကာ သစ်ရွက်ပုံများအောက်နှင့် ပုန်းခိုရန်ကောင်းသောနေရာတို့ကို ကြိုက်နှစ်သက်လေ့ရှိသည်။ ရှားပါးမျိုးစိတ်ဖြစ်၍ မြန်မာနိုင်ငံတွင်သာ တွေ့မြင်နိုင်ပြီး ကောင်ရေ ၁၀၀၀၀ ကျော်သာ ကျန်ရှိသော ဇီဝရတနာကြယ်လိပ်များကို မြန်မာနိုင်ငံတွင် ထိန်းသိမ်းကာကွယ်ထားသည်။

"မြန်မာ့ကြယ်လိပ်ရဲ့မူရင်းဒေသတွေဖြစ်တဲ့ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့က မင်းစုန်တောင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပြီးတော့ ပြင်ဦးလွင်ခရိုင် မြလိပ်တောင်နဲ့ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့က ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွေမှာ ကြယ်လိပ်တွေကို တွေ့ရမှာပါ။ သဘာဝထိန်းသိမ်းရေးနယ်မြေထဲမှာ မျိုးတုံးလုနီးပါး ရင်ဆိုင်နေရတဲ့ ကြယ်လိပ်ကို ၁၉၉၉ ခုနှစ်ရဲ့ ရှေ့ပိုင်းကာလတွေမှာ တွေ့ရှိသတိပြုမိပြီး လောကနန္ဒာဥယျာဉ်မှာ ထိန်းသိမ်းစောင့်ရှောက်ထားပြီးတော့ မျိုးပွားလာတဲ့ ကြယ်လိပ်တွေကို သူတို့မူရင်းဒေသတွေမှာ မျိုးဆက်ပြန့်ပွားနိုင်အောင် ပြန်ပြီးလွှတ်ပေးပါတယ်။ အထူးသဖြင့် ကမ္ဘာ့ပေါ်မှာ မျိုးတုံးလုနီးပါးရှားပါး တိရစ္ဆာန်တွေကို မြန်မာနိုင်ငံမှာ တွေ့ရှိရတာဟာ နိုင်ငံအတွက် ဂုဏ်ယူဝမ်းမြောက်စရာပါ"ဟု ညောင်ဦးမြို့ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

သတင်း- ဥဿ၊ ဓာတ်ပုံ - ကိုလွင်



လောကနန္ဒာဥယျာဉ်တွင် ထိန်းသိမ်းစောင့်ရှောက်ထားသည့် မြန်မာ့ကြယ်လိပ်ကို တွေ့ရစဉ်။

**❖ ပီအက်စ်ဂျီမှ**

အက်သလက်တီကိုမက်ဒရစ်အသင်းကတော့ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်မှာ စပိန်လာလီဂါပြိုင်ဘက် ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ဘာစီလိုနာအသင်းကို ဒုတိယအကျော့မှာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပေမယ့် ပထမအကျော့မှာ နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိထားတာကြောင့် နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းနိုင်ခဲ့တာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့ ပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက်သွင်းဂိုးတွေကို လာမိုင်းယာမယ်နဲ့ ဖာရန်တောရက်စ်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ပေမယ့် ၇၉ မိနစ်မှာ ဂါစီယာတိုက်ရိုက်အနီကတ်ပြထုတ်ပယ်ခံခဲ့ရလို့ ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

အက်သလက်တီကိုမက်ဒရစ်အသင်းဟာ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်မှာ အာဆင်နယ်အသင်း သို့မဟုတ် စပို့တင်းအသင်းနဲ့လည်းကောင်း၊ ပီအက်စ်ဂျီအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်း သို့မဟုတ် ရီးယဲလ်မက်ဒရစ်အသင်းနဲ့လည်းကောင်း ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

ငွေကြယ်



ထိုင်း ယူ-၁၇ အသင်းကိုအနိုင်ရပြီး မြန်မာ ယူ-၁၇ အသင်းအောင်ပွဲခံစဉ်။

**❍ ကျောဖုံးမှ**

မြန်မာအသင်းသည် အဖွင့်ပွဲတွင် လာအိုအသင်းကို သရေကျခဲ့သော်လည်း ယခုပွဲတွင် အသင်းခေါင်းဆောင် အောင်သီဟ၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရပြီး ဆီမီးဖိုင်နယ် တက်ရောက်ရန် အခြေအနေကောင်းသွားသည်။ မြန်မာအသင်းသည် အာဆီယံထိပ်သီးထိုင်းကို ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်ပြီး အုပ်စုပထမပွဲ နိုင်ပွဲပျောက်ဆုံးမှုကို အဆုံးသတ်နိုင်ခဲ့သည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲတွင် ဖိလစ်ပိုင်ကို အနိုင်ကစားနိုင်ပါက ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး လင်းလက်ထွန်း(ဂိုး)၊ ပိုင်စိုးကျော်၊ မြင့်မြတ်ကိုကို၊ မျိုးခန့်ကျော်၊ အောင်သီဟ၊ လင်းရောင်၊ ဒီဝေယံ၊ ညီညီသန့်၊ မြတ်မင်းသူ၊ ချန်လောင်တန်၊ အောင်မြတ်သာတို့ဖြင့် ပွဲထွက်ခဲ့သည်။ နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း အခွင့်အရေးများ အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း အနိုင်ဂိုးရရန် တိုက်စစ်မြှင့်လာပြီး ၅၃ မိနစ်တွင် အောင်သီဟက အနိုင်ဂိုးသွင်းယူခဲ့သည်။

အုပ်စု (B) အခြားပွဲတွင် လာအိုအသင်းက ဖိလစ်ပိုင်အသင်းကို လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ အုပ်စု (B) တွင် မြန်မာအသင်းနှင့် လာအိုအသင်းက လေးမှတ်စီ၊ ထိုင်းအသင်းက သုံးမှတ်ရထားပြီး ဖိလစ်ပိုင်အသင်းက အမှတ်မရသေးပေ။ မြန်မာအသင်းသည် အုပ်စု နောက်ဆုံးပွဲအဖြစ် ဧပြီ ၁၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။

သတင်း - ကိုညီလေး
ဓာတ်ပုံ - FAT

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်းမကြီးပေါ်၊ တိုက်အမှတ် (၃)၊ အခန်းအမှတ် (၃၀၂) (၇ လွှာ)ကို ပိုင်ဆိုင်သူ ဦးရန်မျိုးအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၅/ငဇန(နိုင်)၀၅၄၃၇၈] ကိုင်ဆောင်သူက ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဆိုင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်အတူ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကုန်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်ထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဝေလင်း (B.Sc, H.G.P)** | **ဒေါ်နှင်းဇင်လင်း (LL.B)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်- ၂၂၄၇၃)** | **(စဉ်- ၂၈၂၉၆)** |

**အမှတ် (27/H.2)၊ ၅၅ လမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။**

**ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် (၁၁၉၆/က)၊ သုခမ္မာလမ်း၊ အကျယ်အဝန်း (၁၆၄၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းကျော်သူ [၉/မခန(နိုင်)၁၄၅၁၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၂၄၁၁)**
**အမှတ် (၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆**

**"အများသိစေရန်ကြေညာချက်"**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ဗမာအေးရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၄)မြေပေါ်တွင်ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ(၆)ထပ်တိုက်ရှိ ပဉ္စမထပ်(ဖလွှာ)၊ (အလျား၁၂ပေခွဲxအနံ ၅၀ပေ)ရှိ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရောင်းသူ ဒေါ်ခင်မေသက် [၁၀/မလမ(နိုင်)၂၃၈၆၃၃] မှ မိမိမှတရားဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်း၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေချိုအောင် [၁/ဗမန (နိုင်) ၀၄၆၂၃၀]မှ (၆-၅- ၂၀၂၅)ရက်စွဲပါ "ကြိုပ္ပိုင့်စနစ်ဖြင့် တိုက်ခန်းအပြီးသတ်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် ဥပဒေနှင့်အညီချုပ်ဆိုပြီး အပြီးအပိုင်လွှဲပြောင်းဝယ်ယူ၍ လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါပဉ္စမထပ်(ဖလွှာ) တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေချိုအောင် သိရှိသဘောတူညီခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ တစ်ဆင့်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့ မပြုလုပ်ပါရန် အသိပေးကြေညာအပ်ပါသည်။ ပြုလုပ်ခဲ့ပါက ပြုလုပ်သူများ၏ တာဝန်သာဖြစ်ပြီး ကျွန်ုပ်မိတ်ဆွေမှတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးသီတာကျော် (LL.B.,D.B.L., D.I.L)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၁၉၅၅၀**
**အမှတ် (၂၂၄)၊ (၁၃)လမ်းထိပ်၊ ယမုံနာ(၁)ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၃၅၁၁၇၂၉**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၂၀)၊ ရွှေဟင်္သာ(၄)လမ်း၊ မြေကွက်အမှတ် (၁၂၀၆)၊ အကျယ်အဝန်း(၄၀'x၆၀') အနက်မှ မြေသီးသန့် (၂၀'x၆၀') ပေ ဒေါ်စိုးစိုး [၁၂/လမန(နိုင်)၀၆၆၀၁၂] အမည်ပေါက် မြေချပါမစ်မိတ္တူခြမ်းအား အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်စိုးစိုးမှ ၎င်းပိုင်ဆိုင်ကြောင်း လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်မာလာအုန်း[၈/အလန(နိုင်)၁၄၉၂၇၁]က ဝယ်ယူရန်သဘောတူညီခဲ့ပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု မူရင်းစာရွက်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နေခြည်ဦး (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၆၇၀)**
**အမှတ်(၇၃၁)၊ ရွှေပုပ္ပားလမ်း၊ (၅၅)ရပ်ကွက်၊ ဒဂုံတောင်။**
**ဖုန်း-၀၉-၄၃၁၉၂၄၂**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၁၅

| | | | |
|---|---|---|---|
| ချောက် | ၄၃ | ဒသမ သုည | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၂ | ဒသမ သုည | ဒီဂရီဆဲလ်စီးယပ် |
| ဇော်တူ | ၄၁ | ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၁ | ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၄၁ | ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၄၁ | ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |

## ပီအက်စ်ဂျီနဲ့ အက်သလက်တီကိုမက်ဒရစ်တို့ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ဒုတိယအကျော့ပွဲစဉ်တွေကို မေ ၁၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားပြီးခဲ့ရာ ပီအက်စ်ဂျီအသင်းနဲ့ အက်သလက်တီကိုမက်ဒရစ် အသင်းတို့ဟာ ပြိုင်ဘက်အသင်းတွေကို အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်း ခွင့်ရရှိခဲ့ပါတယ်။

လက်ရှိချန်ပီယံပီအက်စ်ဂျီအသင်းဟာ လီဗာပူးအသင်းကို ပထမအကျော့မှာ နှစ်ဂိုးပြတ်၊ ဒုတိယအကျော့မှာ နှစ်ဂိုးပြတ်စသည်ဖြင့် နှစ်ကျော့ပေါင်း ရလဒ်လေးဂိုးပြတ်နဲ့ အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ဒုတိယအကျော့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးနှစ်ဂိုးစလုံးကို ဒမ်ဘီလီတစ်ဦးတည်းက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၈ ကော်လံ ၅ သို့ ❖



လီဗာပူးအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



မြန်မာ ယူ-၁၇ အသင်းနှင့် ထိုင်း ယူ-၁၇ အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အသင်းခေါင်းဆောင် အောင်သီဟ၏ ဂိုးဖြင့် ထိုင်းအသင်းကို မြန်မာအသင်း အနိုင်ယူ

ရန်ကုန် မေ ၁၅

၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(B) ဒုတိယနေ့ကို မေ ၁၅ ရက်က အင်ဒိုနီးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက ထိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းသွားသည်။

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❍


**ယနေ့ ဖတ်စရာ**

နှစ်သစ်အကူး လတန်ခူးနှင့် ရိုးရာသင်္ကြန်ပွဲတော်
ဆောင်းပါး စာမျက်နှာ » ၆

အသက် (၁၆)နှစ်အောက်ရှိသူများအား ဆိုရှယ်မီဒီယာသုံးစွဲခွင့် ပိတ်ပင်ရေး အင်ဒိုနီးရှားအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဟု တစ်တော့ပြောကြား
စာမျက်နှာ » ၁၃

ပြည်သူတွေအားထား မြန်မာ့မီးရထား
ဆောင်းပါး စာမျက်နှာ » ၁၇

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မဟာသင်္ကြန်အကြတ်နေ့၌ ရေပက်ကစားကြသူများဖြင့် စည်ကား
စာမျက်နှာ » ၂၆


## ကမ္ဘာပေါ်တွင် မျိုးတုံးပျောက်ကွယ်ရန် ရင်ဆိုင်နေရသည့် ရှားပါးမျိုးစိတ် ငါးမျိုး မြန်မာနိုင်ငံ၌ ထိန်းသိမ်းကာကွယ်ထား

ရန်ကုန် မေ ၁၅

ကမ္ဘာပေါ်တွင် မျိုးတုံးပျောက်ကွယ်ရန် ရင်ဆိုင်နေရသည့် ရှားပါးတိရစ္ဆာန်မျိုးစိတ် ငါးမျိုးအား မြန်မာနိုင်ငံရှိ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများတွင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ထားကြောင်း သိရသည်။



လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် ကျက်စားလျက်ရှိသည့် သင်းခွေချပ်ကို တွေ့ရစဉ်။

အဆိုပါ ရှားပါးမျိုးစိတ် ငါးမျိုးဖြစ်သည့် ကြံ့သူတော်၊ အင်းကျား၊ သင်းခွေချပ်၊ ရောဝတီလင်းပိုင်နှင့် ကြယ်လိပ်တို့ကို တနင်္သာရီ သဘာဝကြိုးဝိုင်း၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်၊ ရောဝတီမြစ်နှင့် မင်းစုန်တောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့တွင် ထိန်းသိမ်းကာကွယ်ထားသည်။

အထူးသဖြင့် ကမ္ဘာပေါ်တွင် ရှားပါးတိရစ္ဆာန်အဖြစ် သတ်မှတ်ထားသည့် ကြံ့သူတော်ကို ကမ္ဘာ့နိုင်ငံ အနည်းငယ်တွင်သာ တွေ့မြင်နိုင်ပြီး ထိုအနည်းငယ်သော နိုင်ငံတို့တွင် မြန်မာနိုင်ငံလည်း ပါဝင်သည်။ ကြံ့သူတော်သည်

စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ✳